ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန

တိပိဋကပါဠိ-မြန်မာအဘိဓာန်

အ - ဝဂ်

အတွဲ - ၂၀

(ဝိဝေကာနိသံသ - သံဝေါဟာရ)

(အဘိဓာန်ဝင်ပုဒ်ပေါင်း ၇၁၉၉ ပါဝင်သည်)

မန္တလေးမြို့၊ ဒကွိဏ်ဆာရာမ ဘုရားကြီးတိုက်မှ ရေးသားပြုစုသည်။



ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၄၄ ကောဇာ ၁၃၇၂ ၂၀၁၁

တိပိဋကပါဠိ-မြန်မာအဘိဓာန်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန

တိပိဋကပါဠိ-မြန်မာအဘိဓာန်

အ - ဝဂ်

အတွဲ - ၂၀

(ဝိဝေကာနိသံသ - သံဝေါဟာရ)

(အဘိဓာန်ဝင်ပုဒ်ပေါင်း ၇၁၉၉ ပါဝင်သည်)

မန္တလေးမြို့၊ ဒကွိဏ္ဏာရာမ ဘုရားကြီးတိုက်မှ ရေးသားပြုစုသည်။



ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၅၄ ကောဇာ ၁၃၇၂ ၂၀၁၁

တိပိဋကပါဠိ-မြန်မာ အဘိဓာန်

အတွဲ (၂၀)

အကြိမ်	အုပ်ရေ	ခုနှစ်
ပထမအကြိမ်	၁၀၀၀	၂၀၁၁



ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန
ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
(မှတ်ပုံတင်အမှတ် - ၀၃၈၄၃ / ဝ၂၄၀၅)
ပုံနှိပ်ထုတ်ဝေသည်။



ကျမ်းစာအုပ် ဓမ္မဒါနအလှူရှင်

တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီးများကို အဆက်မပြတ်
လည်ပတ်ပုံနှိပ်ထုတ်ဝေနိုင်ရန် ရည်မှန်း၍ ငွေပဒေသာပင်စိုက်ထူကာ
ပညာသံဝတ္တနိကကုသိုလ်ပြုကြသော ဓမ္မဒါနဒါယကာများ

ဦးကျော်ညွှန့် + ဒေါ်သန်းမြင့်

သားသမီးမြေးတစ်စု

ငွေကြာယံရိပ်သာ၊ ပါရမီလမ်း
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ကောင်းမှု

နတ်လူသာဓုခေါ်စေသော်။ ။

တိပိဋက ပါဠိ – မြန်မာ အဘိဓာန်ကျမ်းကြီး

(အတွဲပေါင်း - ၂၀) အုပ်ရေ - ၂၄အုပ်

စဉ်	အဘိဓာန်ကျမ်းစာအုပ်တွဲ	ပါဝင်သည့် အက္ခရာပုဒ်	ပြုစုသည့် အဖွဲ့.	ကုသိုလ်ရှင် အမည်
၁	အတွဲ (၁)	အ-မှ အနိဋ္ဌက ထိ	ဇမ္ဗုဒီပ အဖွဲ့.	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊
၂	အတွဲ (၂)	အန- မှ အဇ္ဈောတ္ထရာ ထိ	ဇမ္ဗုဒီပ အဖွဲ့.	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊
၃	အတွဲ (၃)	အဗျဂ္ဂ- မှ အဥာရပ-ထိ	ဇမ္ဗုဒီပ အဖွဲ့.	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊
၄	အတွဲ (၄) အပိုင်း(၁)	အာ- မှ ဥတ္တရာသေယျ-ထိ	ဇမ္ဗုဒီပ အဖွဲ့.	ဦးတော ဓိသားစု၊ (Htoo Trading Co.,Ltd.)
၅	အတွဲ (၄) အပိုင်း(၂)	ဥဒ(၁)မှ ဥဥရာသ- ထိ	မစိုးရိမ် အဖွဲ့.	သာသနာရေးဌာန၊
၆	အတွဲ (၄) အပိုင်း(၃)	ဥိ- ဩဠုဒ္ဓိက	မစိုးရိမ် အဖွဲ့.	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊
၇	အတွဲ (၅)	က- မှ ကိလေဒေတွာ-ထိ	မစိုးရိမ် အဖွဲ့.	ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး+ဒေါ်မြမြဝန်း သားသမီးမြေး တစ်စု၊
၈	အတွဲ (၆)	ကိလေသ- မှ ဝကာရ-ထိ	မစိုးရိမ် အဖွဲ့.	ကမ္ဘောဒေက်ဥတ္တဋ ဦးအောင်ကိုဝင်း+ ဒေါ်နန်းသန်းထွေး ဓိသားစု၊
၉	အတွဲ (၇)	စ- မှ ဆိဇ္ဈေယျ-ထိ	ဝိသုဒ္ဓါရုံ အဖွဲ့.	စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း+ဒေါ်ခင်ဝင်းရီ သားသမီးမြေး တစ်စု၊
၁၀	အတွဲ (၈)	ဆိဒ္ဒ- မှ ဏ္ဍုပစ္စယတ္တ-ထိ	ဝိသုဒ္ဓါရုံ အဖွဲ့.	ဦးတင်ထွန်း+ဒေါ်ဇီဇီအောင် ဓိသားစု၊
၁၁	အတွဲ (၉)	တ- မှ ထောမေဿာမိ-ထိ	ပခုက္ကူ အဖွဲ့.	ဦးဝင်းမြင့်+ဒေါ်မြင့်မြင့်သန်း ဓိသားစု၊
၁၂	အတွဲ (၁၀)	ဒ- မှ ဒွေဥကပုဏ္ဏ-ထိ	ပခုက္ကူ အဖွဲ့.	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊
၁၃	အတွဲ (၁၁)	ဓ- မှ နိက္ခာမေသုံ-ထိ	ပခုက္ကူ အဖွဲ့.	ဒေါက်တာကိုကိုကြီးနှင့် ဇနီး ဓိသားစု၊
၁၄	အတွဲ (၁၂)	နိက္ခတ္တ- မှ နာရုသုတ္တန်ဝန္နန-ထိ	ပခုက္ကူ အဖွဲ့.	ချင်စု(မြန်မာ)ကုမ္ပဏီလီမိတက်၊
၁၅	အတွဲ (၁၃)	ပ- မှ ပဋိဗြူဟန-ထိ	ဝိသုဒ္ဓါရုံ အဖွဲ့.	ဦးကျော်စိန် (JLC Co.,Ltd.) ဓိသားစု၊
၁၆	အတွဲ (၁၄) အပိုင်း(၁)	ပဋိဘံသု- မှ ပမဇ္ဈေယျ-ထိ	ဝိသုဒ္ဓါရုံ အဖွဲ့.	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊
၁၇	အတွဲ (၁၄) အပိုင်း(၂)*	*	ဝိသုဒ္ဓါရုံ အဖွဲ့.	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊
၁၈	အတွဲ (၁၄) အပိုင်း(၃)*	*	ဝိသုဒ္ဓါရုံ အဖွဲ့.	ချင်စု(မြန်မာ)ကုမ္ပဏီလီမိတက်၊
၁၉	အတွဲ (၁၅)	ဖ- မှဓောဝါဒိ-ထိ	မစိုးရိမ် အဖွဲ့.	ဦးမောင်ကို+ဒေါ်ရွှေဥ ဓိသားစု၊
၂၀	အတွဲ (၁၆)	မ- မှ မိုတပုဗ္ဗ-ထိ	မစိုးရိမ် အဖွဲ့.	ဦးကျော်စိန် (JLC Co.,Ltd.) ဓိသားစု၊
၂၁	အတွဲ (၁၇)	ယ- မှ ရောဟိသ-ထိ	ဘုရားကြီး အဖွဲ့.	ဒေါ်ခင်ညို၊ သား မောင်စိတ် ဓိသားစု၊
၂၂	အတွဲ (၁၈)	လ- မှ ဝဠဝါရထ-ထိ	ဘုရားကြီး အဖွဲ့.	ဒေါ်ခင်ညို၊ သား မောင်စိတ် ဓိသားစု၊
၂၃	အတွဲ (၁၉)	ဝါ- ဓိဝေကာဓိမုတ္တိ	ဘုရားကြီး အဖွဲ့.	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊
၂၄	အတွဲ (၂၀)	ဓိဝေကာနိသဲသ-မှ သဲဝေါဟာရ	ဘုရားကြီး အဖွဲ့.	ဦးကျော်ညွန့်+ဒေါ်သန်းမြင့် သားသမီးမြေးတစ်စု၊

(*)မပြုစုရသေး



မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်
ပါဠိပဒ တိပိဋကက ကျမ်းညွှန်းနှင့် တိပိဋကက ပါဠို မြန်မာအဘိဓာန်အဖွဲ့. ဥက္ကဋ္ဌ
ဓဒါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ
(ဝင်္သကာ သိရောမဏိ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဘီအေ)

ಕಳೆದ ಶತಮಾನದ ಆರಂಭದಲ್ಲಿ ಮೈಸೂರು ಸಂಸ್ಥಾನದ ಮಹಾರಾಜರಾಗಿದ್ದ ನಾಲ್ವಡಿ ಕೃಷ್ಣರಾಜ ಒಡೆಯರ್ ಅವರು ಸಾಮಾಜಿಕ ಸುಧಾರಣೆಗಳಿಗೆ ಒತ್ತು ನೀಡಿದ್ದರು. ಅವರ ಆಳ್ವಿಕೆಯಲ್ಲಿ ಮೈಸೂರು ಸಂಸ್ಥಾನವು ಶಿಕ್ಷಣ, ಕೈಗಾರಿಕೆ, ಕೃಷಿ ಮತ್ತು ಆರೋಗ್ಯ ಕ್ಷೇತ್ರಗಳಲ್ಲಿ ಗಮನಾರ್ಹ ಪ್ರಗತಿ ಸಾಧಿಸಿತು. ಅವರ ಕಾಲದಲ್ಲಿ ಅನೇಕ ಶಾಲೆಗಳು, ಕಾಲೇಜುಗಳು, ಆಸ್ಪತ್ರೆಗಳು ಮತ್ತು ಕೈಗಾರಿಕೆಗಳು ಸ್ಥಾಪನೆಯಾದವು. ಅವರು ಮೈಸೂರು ಸಂಸ್ಥಾನದ ಅಭಿವೃದ್ಧಿಗೆ ಅಪಾರ ಕೊಡುಗೆ ನೀಡಿದ್ದರಿಂದ ಅವರನ್ನು "ಆಧುನಿಕ ಮೈಸೂರಿನ ಶಿಲ್ಪಿ" ಎಂದು ಕರೆಯಲಾಗುತ್ತದೆ. (೧೯೪೨)

မန္တလေးမြို့၊ ဒက္ခိဏာရာမဘုရားကြီးတိုက်ကပြုစုသော
တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်း
အ–ဝဂ် အတွဲ– ၂၀

နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

"တိပိဋကပါဠိမြန်မာအဘိဓာန်"ဟူသော နာမည်ပေးထားခြင်းကပင်လျှင် ဤကျမ်းသည် ပိဋကတ်သုံးပုံလာ ပါဠိဝေါဟာရတို့ကို မြန်မာလို ရဟန်းရှင်,လူ မည်သူမဆို ပုဂ္ဂိုလ်တိုင်း, ပုဂ္ဂိုလ်တိုင်း လေ့လာနိုင်, နားလည်နိုင် ဖတ်ရှုနိုင်အောင် ပြုစုထားသော ကျမ်းတစ်ဆူဖြစ်ကြောင်း ဝန်ခံပြီးသားဖြစ်ပါသည်။ ထို့ကြောင့် ဤကျမ်းကို ရေးသားပြုစုတော်မူကြသော ဆရာတော်တို့သည် မြန်မာစာပေ ဖတ်တတ် ရုံသာရှိသော ကလေးသူငယ်အစ, လေ့လာလိုက်စားလိုသူများအလယ်, ပါဠိစာပေကျွမ်းကျင်သူ ပညာရှင် သုတေသီများအဆုံး အားလုံးက ယုံကြည်အားကိုးနိုင်လောက်အောင် သတိ,ဝီရိယ ကြီးမားစွာ ထားလျက် ပြုစုတော်မူကြရပေသည်။

စာပေအမျိုးမျိုး

ကမ္ဘာ့နိုင်ငံအသီးအသီးတွင် ဆိုင်ရာဆိုင်ရာပညာရှင်တို့က ကျွမ်းကျင်ရာကျွမ်းကျင်ရာ ဘာသာရပ် အလိုက် စာပေကျမ်းဂန်အမျိုးမျိုးကို နိုင်ငံနှင့်လူမျိုးအတွက် တစ်ဦးတစ်ယောက်ထည်းဖြစ်စေ, ပညာရှင် အားလုံး စုပေါင်း၍ဖြစ်စေ ပြုစုလေ့ရှိကြပါသည်။ ထိုသို့ ပြုစုထားသော စာပေကျမ်းဂန်အမျိုးမျိုးကို အကျဉ်းချုပ်ကြည့်လိုက်သောအခါ-

၁။ သုတစာပေ

၂။ ရသစာပေ-ဟူ၍ နှစ်မျိုးသာ ကွဲပြားခြားနားသည်ကို တွေ့ရပေသည်။

ထိုတွင်- သုတစာပေဟူသည် ဆိုင်ရာဘာသာရပ်အလိုက် လေ့လာသင်ယူသူတို့ လွယ်ကူစွာ လေ့လာသင်ယူနိုင်ရန် စုံစုံလင်လင်ပြုစုထားသော စာပေဖြစ်သည်။

ဥပမာ- သမိုင်းဆိုင်ရာလေ့လာသူတို့အတွက် သမိုင်းစာပေ-စသည်ဖြစ်၏။

ရသစာပေဟူသည် ကဗျာရသ, ဟာသရသ, သိဂ်ါရရသစသည်ဖြင့် ခံစား၍ရအောင် ရသမြောက်ဖွဲ့ဆိုထားသော စာပေဖြစ်သည်။

ဥပမာ- ဝတ္ထု, ကဗျာစသည်။

ထိုသုတစာပေ,ရသစာပေနှစ်မျိုးလုံးပင် နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် အရေးပါအရာရောက်လှပေသည်။ ရသစာပေကောင်းထွန်းကားမှု နည်းပါးသောနိုင်ငံများတွင် နိုင်ငံသူ, နိုင်ငံသားများ ခံစားချက်နှင့်ဝေးကွာ၍ ကိုယ်ချင်းစာတရားနည်းပါးမှုကြောင့် မကောင်းမှုဒုစရိုက်များ တနေ့တခြား ထွန်းကားလာတတ်ပေသည်။

သုတစာပေထွန်းကားပြန့်ပွားမှု နည်းပါးသောနိုင်ငံများတွင် နိုင်ငံသူ, နိုင်ငံသားများ ဗဟုသုတနည်းပါးမှု, အသိပညာနည်းပါးမှု စသည်တို့ကြောင့် မကောင်းမှုဒုစရိုက်များ တနေ့တခြား ထွန်းကားလာတတ်ပေသည်။

သို့ဖြစ်၍ လူအများ ယဉ်ကျေးသိမ်မွေ့ရေး, အတွေ့နှင့် ပရမ္မတရေး, မကောင်းမှုရှောင် ကောင်းမှုဆောင်ရေးအတွက် "ခံစားသိ"ဆိုသောအရာ အလွန်အရေးကြီးပါ၏၊ ထိုအရေးကြီးသောအရာ လူအများ၏သန္တာန်၌ ဖြစ်ပေါ်လာစေရန် ရသစာပေများက ခံစားနားလည်မှု, ကိုယ်ချင်းစာနာမှု ရှိလာစေရန် လေ့ကျင့်သင်ကြား၍ သုတစာပေများက ဗဟုသုတကြွယ်ဝလာစေရန်, အသိပညာဖွံ့ဖြိုးလာစေရန် ဖန်တီးပေးပါသည်။ ထို့ကြောင့် ပညာရှင်များက-

"လူကို စိတ်ကအုပ်ချုပ်သည်။
စိတ်ကို ပညာကအုပ်ချုပ်သည်။
ပညာကို ဗဟုသုတကအုပ်ချုပ်သည်" ဟု မိန့်ဆိုကြပါသည်။

ထိုသို့ နိုင်ငံတစ်ခု ငြိမ်းချမ်းသာယာမှုအတွက် သုတစာပေ, ရသစာပေများ ထွန်ကားပြန့်ပွား ရေးသည် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်နေသဖြင့် ကမ္ဘာ့နိုင်ငံအသီးအသီးက နိုင်ငံခေါင်းဆောင် ကြီးများသည် ဘာသာရပ်အလိုက် ကျွမ်းကျင်ရာပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးကာ ခေတ်နှင့်လျော် ညီသော သုတစာပေ, ရသစာပေများ ထွန်းကားပြန့်ပွားရေးအတွက် စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက် လျက်ရှိကြပါသည်။

ဤတိုင်ရှကပါငိုမြန်မာအဘိဓာန်ကျမ်းကြီးသည် နိုင်ငံတော် တိုးတက်ထွန်းကားရေး ငြိမ်းချမ်းသာယာရေးအတွက် အသက်သွေးကြောသဖွယ်ဖြစ်သော သုတစာပေထွန်းကားပြန့်ပွားရေးကို တိုက်ရိုက်မုချ အကျိုးပြု၍ ရသစာပေထွန်းကားပြန့်ပွားရေးကိုမူ "ကျွဲကူးရေပါ"ဆိုသကဲ့သို့ သွယ်ဝိုက်သောအားဖြင့် အကျိုးပြုလျက်ရှိနေမှာဖြစ်ကြောင်း ရှေးဦးစွာ ဝန်ခံကတိပြုလိုက်ပါရစေ။

စစ်မှန်သောဆန္ဒ

နိုင်ငံတော်အတွက် တန်ဖိုးမဖြတ်နိုင်သော ကျမ်းတစ်ဆူဖြစ်သည်ကို သိမြင်တော်မူကြသော မန္တလေးမြို့ ဒကွိဏာရာမဘုရားကြီးတိုက် အမရပူရဆရာတော်, နယားဆရာတော်, ဗန်းမော်ဆရာတော်-တို့သည် "တစ်ဦးဆောင်သော်မရ အများဆောင်သော်ရ၏"ဟူသောအဆိုကို နှလုံးသွင်းတော်မူကြကာ ဤတိုင်ရှကပါငိုမြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ကို ဖွဲ့စည်းတော်မူခဲ့ကြပေသည်။

ယခု ဤတိုင်ရှကပါငိုမြန်မာအဘိဓာန်ကျမ်းကြီး ထွက်ရှိချိန်၌ကား အဖွဲ့ကို ဦးစီးဆောင်ရွက်တော်မူခဲ့ကြသော ညီနောင် အမရပူရဆရာတော်, နယားဆရာတော်တို့သည် ပျံလွန်တော်မူခဲ့ကြပြီဖြစ်၏။ သို့သော်ကျန်ရှိသော ဗန်းမော်ဆရာတော်, ဆင်မင်းဆရာတော်-စသောဆရာတော်များက လစ်လပ်သည့်

အဖွဲ့ဝင်နေရာများတွင် သင့်တော်ရာပုဂ္ဂိုလ်များကို အစားထိုးရွေးချယ်၍ ကျန်ရှိသော အ-ဝဂ်၊ တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီးများ အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ဆက်လက်ရေးသားဆောင်ရွက်လျက်ရှိကြပေသည်။ (အကျယ်ကိုသိလိုမူ အတွဲ (၁၇) ၌ရှု)

ကျမ်းပြုဆရာတော်တို့သည် တာဝေးလက်ဆင့်ကမ်း အပြေးပြိုင်ပွဲတွင် ပန်းဝင်ရန် ဆင့်ကဲဆင့်ကဲ လက်ဆင့်ကမ်းဆင်နွှဲနေကြသကဲ့သို့ ယခုလို ဇွဲကောင်းကောင်းဖြင့် နောက်မဆုတ်တမ်း ကြိုးပမ်းအားထုတ်နေကြခြင်းမှာ ပိဋကသုံးပုံလာ မှတ်သားဖွယ်အဆိအနှစ်တွေကို ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း ခေတ်အဆက်ဆက် အလွယ်တကူ သိရှိ,လိုက်နာ,ကျင့်သုံးနိုင်ကြပါစေဟူသော စစ်မှန်သောဆန္ဒတို့ကြောင့်ဖြစ်ပါ၏။

ဗုဒ္ဓသာသနာနှင့် ပါဠိဘာသာ

ဤနေရာ၌ ဤတိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီး၏တန်ဖိုးကို ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်း နားလည်နိုင်ရန် ဗုဒ္ဓသာသနာနှင့် ပါဠိဘာသာတို့ တစ်လျှောထည်းစီး တစ်ခရီးထည်းသွားဖြစ်လာခဲ့ကြပုံကို ထုတ်ဖော်ရှင်းလင်းပြသင့်လှပေသည်။ ဗုဒ္ဓသာသနာထွန်းကားနေသော မြန်မာနိုင်ငံတွင် မြန်မာလူမျိုးတို့၏နားဝယ် ဗုဒ္ဓတရားတော်တို့ကို ပါဠိဘာသာဖြင့် ကြားနေကျဖြစ်သဖြင့် တူညီသည်ဟု မှတ်ထင်နေကြရသော်လည်း စင်စစ် မတူညီလှပေ။

ဗုဒ္ဓသာသနာဟူသည် မြတ်စွာဘုရား (၄၅) ဝါကာလပတ်လုံး သတ္တဝါဝေနေယျတို့အကျိုးငှာ ဟောကြား လမ်းညွှန်ထားသော အဆုံးအမတရားတော်များဖြစ်၏။

ပါဠိဘာသာဟူသည် မြတ်စွာဘုရားရှင် တရားဟောကြားတော်မူသောအခါ သတ္တဝါဝေနေယျ များနားလည်သဘောပေါက်ရန် မာဂဓဘာသာကို အသုံးပြုတော်မူ၏။ ထိုကဲ့သို့ သတ္တဝါဝေနေယျများနားလည်သဘောပေါက်ရန်အတွက် အသုံးပြုတော်မူခဲ့သော မာဂဓဘာသာသည် ပါဠိဘာသာဖြစ်၏။ ထို့ကြောင့် ဤကျမ်းသည် "တိပိဋက"ဟူသောနာမည်ဖြင့် ဗုဒ္ဓသာသနာတော်ကို ညွှန်းဆိုထားပြီး "ပါဠို" ဟူသောနာမည်ဖြင့် ဘုရားရှင် အသုံးပြုတော်မူခဲ့သော မာဂဓဘာသာကို ရည်ညွှန်းထားခြင်းဖြစ်ပါသည်။

မာဂဓဘာသာနှင့် ပါဠိဘာသာ

မြတ်စွာဘုရားရှင် ပွင့်တော်မမူမီအချိန်မှစ၍ ဘုရားပွင့်တော်မူလာသောအချိန်အထိ တိုင်းကြီး (၁၆) တိုင်း အထင်အရှားရှိခဲ့၏။ ထို တိုင်းကြီး (၁၆) တိုင်းဟူသည်

(၁)အင်္ဂတိုင်း၊ (၂) မဂဓတိုင်း၊
(၃) ကာသိတိုင်း၊ (၄) ကောသလတိုင်း၊
(၅) ဝဇ္ဇီတိုင်း၊ (၆) မလ္လတိုင်း၊
(၇) စေတိယတိုင်း၊ (၈) ဝင်္ကတိုင်း၊
(၉) ကုရုတိုင်း၊ (၁၀) ပဉ္စာလတိုင်း၊
(၁၁) မစ္ဆတိုင်း၊ (၁၂) သူရသေနတိုင်း၊
(၁၃) အဿကတိုင်း၊ (၁၄) အဝန္တိတိုင်း၊
(၁၅)ဂန္ဓာရတိုင်း၊ (၁၆) ကမ္ဗောဇတိုင်းတို့ဖြစ်ကြပါသည်။ (အံ၊ ၁။ ၂၁၃)

ထို တိုင်းကြီး (၁၆) တိုင်းတို့တွင် အပါအဝင်ဖြစ်သော အိန္ဒိယနိုင်ငံအလယ်ပိုင်းရှိ မဂဓတိုင်းသည် ယခုအခါ အသောကမင်းကြီး၏ ဝိဟာရများ တည်ရှိသောနေရာဖြစ်သောကြောင့် "ဗိဟာရ်" ဟု နာမည်ပြောင်းလာကာ " ဗိဟာရ်နယ်"ဟူ၍ ဖြစ်လာ၏။

ရှေးခေတ် "မဂဓတိုင်း" ယနေ့ခေတ် " ဗိဟာရ်နယ် " ၌ နေထိုင်ကြသော နယ်သူနယ်သားတိုင်းသူတိုင်းသားတို့ ပြောဆိုသုံးစွဲခဲ့ကြသောဘာသာကို "မာဂဓဘာသာ"ဟုခေါ်ဆိုကြ၏။ စင်စစ် ဘာသာဟူသည် လူမျိုးတစ်မျိုး၏ အချင်းချင်းဆက်သွယ်ကြရာတွင် နားလည်အောင် အသုံးပြုရသော ပြောဆိုရိုးစကားပင်တည်း။ မြန်မာဘာသာ မြန်မာစကားသည် မြန်မာလူမျိုးတို့၏ ဥစ္စာဖြစ်သကဲ့သို့ မာဂဓဘာသာသည် မဂဓတိုင်းသူတိုင်းသားတို့၏ ဥစ္စာဖြစ်သောကြောင့် "မဂဓာနံ၊ မဂဓတိုင်းသူ တိုင်းသားတို့၏။ ဧသာ၊ ဥစ္စာတည်း။ မာဂဓီ၊ မဂဓတိုင်းသူတိုင်းသားတို့၏ဥစ္စာ" ဟု ဝစနတ္ထပြုကာ မာဂဓီဟူသော နာမဝိသေသကို ရရှိခဲ့လေသည်။

ဗြဟ္မာသုံးဘာသာ

မာဂဓဘာသာကို ဗြဟ္မာတို့လည်း သုံးစွဲလေ့ရှိကြောင်း သမ္မောဟဝိနောဒနီအဋ္ဌကထာ, ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ-အစရှိသောကျမ်းဂန်များ၌ အသီးအသီး ပြဆိုထားကြ၏။ ထိုကျမ်းဂန်များ ပြဆိုထားသည့်အတိုင်း "မာဂဓဘာသာကို ခေတ်အဆက်ဆက် ကမ္ဘာအဆက်ဆက် မည်သည့်အချိန်အခါမဆို မပျောက်ပျက်နိုင်သောဘာသာ"ဟုဆိုခဲ့သော် အမှန်ကန်ဆုံး ဆိုခြင်းဖြစ်ပါ၏။ အဘယ့်ကြောင့်နည်းဟူ မူကား-အခြားဘာသာတို့သည် လူမျိုးကွယ်ပျောက်သွားသောကြောင့်ဖြစ်စေ, အခြားအကြောင်း တစ်မျိုးမျိုးကြောင့်ဖြစ်စေ ကွယ်ပျောက်သွားနိုင်ခြေရှိသော်လည်း မာဂဓဘာသာသည်ကား ဗြဟ္မာတို့သုံးစွဲနေကြသော ဗြဟ္မာသုံးဘာသာဖြစ်နေသောကြောင့် တစ်ခါတစ်ရံ လူပြည်ဝယ် အားနည်းပျောက်ကွယ်နေသည့်တိုင်အောင် ဗြဟ္မာတို့က ကမ္ဘာအဆက်ဆက် ခေတ်အဆက်ဆက် ကာလအဆက်ဆက် သယ်ဆောင်သွားကြမည်သာဖြစ်၏။

မူလဘာသာ

ဗြဟ္မာသုံးဘာသာဖြစ်သော မာဂဓဘာသာသည် ကမ္ဘာဦးကာလ၌လည်း ကမ္ဘာဦးလူသားတို့ သုံးစွဲရန် အကြောင်းတစ်ရပ်အဖြစ်ဖြင့် ဖန်လာခဲ့ပြန်၏။ ဖန်လာခဲ့ပုံကား- ကမ္ဘာပျက်ပြီး ကမ္ဘာကြီး ပြန်လည်တည်ခါစအချိန်ဝယ် အချို့ဗြဟ္မာ တို့သည် အသက်တမ်းစေ့သောကြောင့်ဖြစ်စေ, ကံကုန်သောကြောင့် ဖြစ်စေ လူပြည်, နတ်ပြည်တို့၌ ဥပပတ်ပဋိသန္ဓေနေသောအားဖြင့် ရုတ်တရက် ပေါ်ပေါက်လာကြ၏။ ထိုတွင် ဗြဟ္မာ့ပြည်မှ လူပြည်၌ လူဖြစ်လာကြသော ကမ္ဘာဦးလူသားတို့သည် ဗြဟ္မာ့ပြည်၌ မာဂဓ-ဘာသာကို သုံးစွဲခဲ့သည့်အလေ့အကျင့် ရရှိခဲ့ပြီးသားဖြစ်ရာ လူပြည်၌လည်း လွယ်ကူစွာပင် မာဂဓဘာသာ ကို သုံးစွဲလိုက်ကြတော့၏။ ထိုသို့ ကမ္ဘာဦးကာလဝယ် မည်သည့်ဘာသာ စကားမျှ မပေါ်သေးမီ သုံးစွဲခဲ့၍ ကမ္ဘာကြီး၏ ပင်ရင်းမူလဘာသာဖြစ်နေသောကြောင့် မာဂဓဘာသာကို "မူလဘာသာ" ဟု နာမည်တစ်မျိုး ထပ်ဆင့်ထိုးခဲ့ကြပြန်၏။

ဘုရားရှင် အသုံးပြုတော်မူခဲ့သောဘာသာ

ဗြဟ္မာသုံးဘာသာ, မူလဘာသာဟူသော နာမည်ထူးများဖြင့် တင့်တယ်နေသော မာဂဓ-ဘာသာကို ဘုရားရှင်ကိုယ်တော်တိုင်လည်း တန်ဖိုးထား၍ မြတ်မြတ်နိုးနိုး အသုံးပြုတော်မူခဲ့ပါသည်။ စင်စစ် ဘုရားရှင်ပွင့်ထွန်းတော်မူလာသောအချိန်တွင် မာဂဓဘာသာမှတပါး အခြားထင်ရှားသော သက္ကတ ဘာသာအစရှိသော ဘာသာပေါင်းများစွာတို့သည်လည်း အသုံးတွင်ကျယ်၍ ထွန်းကားနေပြီ ဖြစ်ကြပါသည်။ ထိုအသုံးတွင်ကျယ်နေသော ဘာသာပေါင်းများစွာတို့တွင် မာဂဓဘာသာကိုသာ တန်ဖိုးထား၍ အသုံးပြုတော်မူခဲ့ကြောင်း ယမေဠုနှင့်ကေကုဋမည်သော ရဟန်းနှစ်ပါး၏ အဖြစ်အပျက်များက လက်တွေ့ ညွှန်ပြလျက်ရှိပါသည်။

ယမေဠုနှင့် ကေကုဋ

ဘုရားရှင်လက်ထက်က အသံကောင်း, စကားပြောကောင်းကြသော ယမေဠုနှင့် ကေကုဋ-ဟု နာမည်တွင်သည့် ညီနောင်ရဟန်းနှစ်ပါးရှိ၏။ ထိုရဟန်းနှစ်ပါးသည် ဗြာဟ္မဏတ်မျိုးရိုးမှ ရဟန်း ပြုလာခဲ့ကြသူများဖြစ်ပါသည်။ သူတို့သည် မြတ်စွာဘုရားကို ယုံကြည်၍ ရဟန်းပြုလာခဲ့ကြသော်လည်း ဘုရားရှင်သုံးစွဲတော်မူသော မာဂဓဘာသာကိုကား နှစ်သက်လက်ခံလိုကြဟန်မတူချေ။ ဗြာဟ္မဏတ် မျိုးရိုးမှ ရဟန်းဖြစ်လာကြသူများပီပီ ဗြာဟ္မဏတ်မျိုးရိုးဝယ် အသုံးတွင်ကျယ် နေပြီးဖြစ်သော သက္ကတဘာသာကိုသာ အလေးထားသုံးစွဲလိုကြ၏။

ထို့ကြောင့် သူတို့ညီနောင်ရဟန်းနှစ်ပါးသည် မြတ်စွာဘုရားရှင်ထံတော်သို့သွား၍ ဤသို့ လျှောက်ထား ကြပါသည်။

"ဧတရဟိ ဘန္တေ ဘိက္ခူ နာနာနာမာ နာနာဂေါတ္တာ နာနာဇစ္စာ နာနာကုလာ ပဗ္ဗဇိတာ၊ သကာယ နိရုတ္တိယာ ဗုဒ္ဓဝစနံ ဒူသေန္တိ၊ ဟန္ဒ မယံ ဘန္တေ ဗုဒ္ဓဝစနံ ဆန္ဒသော အာရောပေမာတိ" ဟူ၍ လျှောက် ထားကြပါသည်။ (ဝိ၊ ၄။ ၂၈၀)

ထိုပါဠိရပ်ကိုပင် အဋ္ဌကထာဆရာက "ဆန္ဒသော အာရောပေမာတိ ဝေဒံ ဝိယ သက္ကတဘာ-သာယ ဝါစနာမဂ္ဂံ အာရောပေမ" ဟု ထပ်ဆင့်ဖွင့်ပြတော်မူ၏။ (ဝိ၊ဋ္ဌ၊၄။၅၆)

"မြတ်စွာဘုရား ယခုအခါဝယ် ရဟန်းတော်တို့သည် နာမည်အမျိုးမျိုး အနွယ်အမျိုးမျိုး ဇာတ် အမျိုးမျိုး ရှိကြပါကုန်၏၊ အထူးထူးသောအမျိုးမှ ရဟန်းပြုလာကြပါကုန်၏။ ထိုရဟန်းတို့သည် မိမိတို့၏ ပြောဆိုကြောင်းဘာသာဖြင့် မြတ်စွာဘုရားစကားတော်ကို ဖျက်ဆီးနေကြပါ၏။ မြတ်စွာဘုရား ယခုအခါ တပည့်တော်တို့သည် မြတ်စွာဘုရားစကားတော်ကို ဝေဒကျမ်းဂန်ကဲ့သို့ သက္ကတဘာသာဖြင့် တင်ကြပါ ကုန်အံ့"ဟု လျှောက်ထားကြလေသည်။

ထိုလျှောက်ထားချက်ကို မြတ်စွာဘုရားက ကဲ့ရဲ့တော်မူ၍ "န ဘိက္ခဝေ ဗုဒ္ဓဝစနံ ဆန္ဒသော အာရောပေတဗ္ဗံ၊ ယော အာရောပေယျ၊ အာပတ္တိ ဒုက္ကဋဿ" ဟု တားမြစ်တော် မူလိုက်၏။ (ဝိ၊၄။၂၈၀)။ ထိုသို့ တားမြစ်ပြီးနောက်ဝယ် "အနုဇာနာမိ ဘိက္ခဝေ သကာယ နိရုတ္တိယာ ဗုဒ္ဓဝစနံ ပရိယာပုဏိတုံ" ဟု ခွင့်ပြုတော်မူလိုက်၏။ (ဝိ၊၄။၂၈၀) ။ ထိုခွင့်ပြုချက်ကို အဋ္ဌကထာဆရာက "သကာယ နိရုတ္တိယာတိ ဇဏ္ဍ သကာ နိရုတ္တိ နာမ သမ္မာသမ္ဗုဒ္ဓေန ဝုတ္တပ္ပကာရော မာဂဓိကော ဝေါဟာရော" ဟူ၍ ဖွင့်ပြတော်မူ၏။ (ဝိ၊ဋ္ဌ၊၄။၅၆) ။

အဓိပ္ပါယ်ဆိုလိုရင်းမှာ "ရဟန်းတို့ မြတ်စွာဘုရားဟောကြားတော်မူသော စကားတော်ကို မာဂဓဘာသာဖြင့် သင်ယူခြင်းငှာ ခွင့်ပြုတော်မူ၏" ဟု မိန့်တော်မူလိုက်ခြင်းပင်ဖြစ်ပါသည်။

[မှတ်ချက်] ယမေဠုတေကုလာ နာမ (သီ) မေဠကောကုဋ္ဌာ နာမ (သျှာ) ဟု မူကွဲရှိ၏။

ဤ ယမေဠ, ကေကုဋ္ဌ-ရဟန်းနှစ်ပါး၏ အဖြစ်အပျက် အတွေ့အကြုံများက မြတ်စွာဘုရားသည် အခြားဘာသာ များထက် မာဂဓဘာသာကိုသာ ပိုမိုတန်ဖိုးထားကြောင်း မီးမောင်းထိုးပြလျက်ရှိပါသည်။

မာဂဓဘာသာသုံးတော်မူရကြောင်း

ဘုရားရှင် မာဂဓဘာသာကို အသုံးပြုတော်မူရခြင်းအကြောင်းများကို လေ့လာကြည့်ရာ အောက်ပါအကြောင်းများကို ထင်ရှားစွာတွေ့ရှိရပေ၏။

၁။ ဘုရားရှင်၏ ဘုရားအဖြစ်သို့ရောက်တော်မူရာ, တရားဦးဟောတော်မူရာအရပ်ဒေသသည် မဂဓနယ်ပင်ဖြစ်ခြင်း။

၂။ မာဂဓဘာသာသည် နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ရသောပုဂ္ဂိုလ်များ မာဂဓဘာသာပါဠိပိဋကတ်တော်ကို တမင်ကြောင့်ကြစိုက်သင်ဖွယ်ရာမလိုဘဲ အလိုလိုပင်တတ်မြောက်၍ နိရုတ္တိပဋိသမ္ဘိဒါဉာဏ်၏ အာရုံဖြစ်ခြင်း။

၃။ မာဂဓဘာသာကို တန်ဖိုးထားလေ့လာနေသူ, မာဂဓဘာသာ ပါဠိပိဋကတ်တော်ကို ကြိုးစားသင်ယူနေသောသူတို့အား နိရုတ္တိပဋိသမ္ဘိဒါဉာဏ်ကိုရဘို့ရန် အားကောင်းသော အထောက်အပံ့ဖြစ်ခြင်း။

၄။ ဘုရားရှင် တရားဟောတော်မူခဲ့ရာမြို့များကို "ဝေသာလိယံ, ရာဇဂဟေ, သာဝတ္ထိယံ, ကောသမ္ဗိယံ"စသည်ဖြင့် ပါဠိတော်များ၌ အထင်အရှားပြဆိုထား၏။ ထိုသို့ပြဆိုရာတွင် ဝေသာလီမြို့သူမြို့သားများကိုယ်တိုင် မာဂဓဘာသာကို နားလည်နေခြင်း၊ ရာဇဂြိုဟ်မြို့သည်ကား အထူးပြောဖွယ်ရာမလို မဂဓနယ်၌ပင် ပါဝင်နေခြင်း။ သာဝတ္ထိမြို့သူမြို့သားများကိုယ်တိုင် မာဂဓဘာသာကို နားလည် နေခြင်း။ ဘုရားပွင့်တော်မူသောအချိန်ဝယ် အသုံးအတွင်ကျယ်ဆုံး, အများနားလည်လွယ်ဆုံး ဘာသာ ဖြစ်ခြင်း။ ထို့ကြောင့်ဘုရားရှင်သည် မာဂဓဘာသာကို အသုံးပြုတော်မူပါသည်။

မာဂဓဘာသာနှင့် ပါဠိဘာသာ

ယခုတင်ပြခဲ့ပြီးသောအကြောင်းများကို စေ့စေ့စပ်စပ် သုံးသပ်ကြည့်လိုက်သော် ပါဠိဘာသာတိုင်း မာဂဓဘာသာမည်ခွင့်ရှိသော်လည်း မာဂဓဘာသာတိုင်း ပါဠိဘာသာမည်ခွင့်မရှိဟူသော အဖြေသည် ထင်ထင်ရှားရှား ထွက်ပေါ်လာပါသည်။ ကျွမ်းကျင်သောပညာရှင်သည် နွားနို့ကို ကောင်းမွန်စွာ မွှေလိုက်, ကျိုလိုက် ပြုလုပ်လိုက်သည်ရှိသော် "ထောပတ်"ဟူသော တကယ့်အဆီအနှစ် ထွက်ပေါ်လာသကဲ့သို့ မြတ်စွာဘုရားရှင်သည် မာဂဓဘာသာကို သီလ,သမာဓိ,ပညာစသော မြတ်သောစကား, မြတ်သောအနက် အဓိပ္ပါယ်အတွက် အသုံးပြုတော်မူလိုက်သောအခါဝယ် ပါဠိဘာသာဟူသော တကယ့်အဆီအနှစ် ထွက်ပေါ်လာပါ၏။ (ပကဋ္ဌာန်၊ မြတ်သောစကားတော်တို့၏။ အာဠိ၊ အစဉ်။ ပါဠိ၊ မြတ်သောစကားတော်တို့၏အစဉ်။)

ထောပတ်သည် နွားနို့မှဖြစ်သော်လည်း အဆီအနှစ်ပြည့်ဝလာသဖြင့် နွားနို့ဟူသောအမည်ကို စွန့်လွှတ်၍ ထောပတ်ဟူသောအမည်ထူးကို ရသကဲ့သို့ ထို့အတူ ပါဠိဘာသာသည်လည်း မာဂဓဘာသာမှဆင်းသက်လာသော်လည်း သီလ,သမာဓိ,ပညာစသော အဆီအနှစ်များ ပြည့်ဝနေသဖြင့် မာဂဓဘာသာဟူသောနာမည်ကို စွန့်လွှတ်၍ ပါဠိဘာသာဟူသော အမည်ထူးကို ရရှိလာပါသည်။

ပါဠိဘာသာ၏တန်ဖိုး

ပါဠိဘာသာသည် ဝေနေယျသတ္တဝါတို့၏သန္တာန်၌ သီလ, သမာဓိ, ပညာစသော အဆီအနှစ်များထွန်းကားရေးအတွက် အခိုင်အမာ ရပ်တည်ထားနိုင်သော ဘာသာတစ်ခုဖြစ်၏။ လောကီကောင်းကျိုး, လောကုတ္တရာကောင်းကျိုးတို့ကိုလည်း ထာဝရလမ်းညွှန်နေမည့် ဘာသာတစ်ခုလည်း ဖြစ်ပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓသာသနာတော် မကွယ်ပျောက်ရေးအတွက် အသက်တမျှအရေးကြီးသော ဘာသာတစ်ခုဖြစ်သည်ဟုညွှန်းဆိုခဲ့သည်ရှိသော် လွန်လွန်းသည်ဟု ထင်မှတ်ဖွယ်ရာရှိပါသည်။ အမှန်စင်စစ်အားဖြင့် မလွန်လွန်းပါ။ လက်တွေ့အားဖြင့် ဓမ္မာဓိဌာန်ကျကျစဉ်းစားကြည့်လျှင် မြင်လွယ်, သိလွယ်သောအရာပင်ဖြစ်ပါ၏။ ဥပမာအားဖြင့် လူငယ်တစ်ယောက်သည် သာမဏေဘဝသို့ တက်လှမ်းလိုသောအခါ ဆရာရောတပည့်ပါ သရဏဂုံမ်ကို ပါဠိဘာသာဖြင့် ဌာန်ကရိဏ်းကျကျ ပီပီသသ ရွတ်ဆိုနိုင်စွမ်းရှိမှ သာမဏေအဖြစ်သို့ ရောက်ရှိနိုင်ပေ၏။ အခြားဘာသာဖြင့် ရွတ်ဆိုမည်ဆိုပါက မည်မျှပင် ဌာန်ကရိဏ်းကျ၍ ပီသစေကာမူ သာမဏေအဖြစ်သို့ မရောက်ရှိနိုင်ပါ။

ထိုနည်းတူစွာ ရဟန်းခံသောအခါ, သိမ်နှုတ်, သိမ်သမုတ်စသော ကံကြီး, ကံငယ်တို့ကို ဆောင်ရွက်သောအခါတို့၌လည်း ကမ္မဝါစာကို ပါဠိဘာသာဖြင့် ဌာန်ကရိဏ်းကျကျ ရွတ်ဖတ်၍ ဆောင်ရွက်နိုင်မှသာ ကံအောင်မြင်နိုင်ပေ၏။ အခြားဘာသာဖြင့် ရွတ်ဖတ်၍ဆောင်ရွက်ပါက ကံမအောင်မြင်နိုင်ပေ။ ဤသို့ဆိုလျှင် ပါဠိဘာသာ၏တန်ဖိုးကား သာသနာအတွက် အဘယ်မျှ အရေးပါ အရာရောက်ပါသနည်း။ ပါဠိဘာသာကွယ်ပျောက်ခဲ့သော် သာသနာလည်း ကွယ်ပျောက်သွားနိုင်၍ ပါဠိဘာသာထွန်းကားခဲ့သော် သာသနာလည်း အတိုင်းအတာမရှိ ထွန်းကား၍ အလွန်တန်ဖိုးကြီးမားလှပါ၏။

ပါဠိဘာသာနှင့် ဗုဒ္ဓသာသနာ

မြတ်ဗုဒ္ဓသာသနာတော်သည် တစ်ချိန်က ကမ္ဘာ့နိုင်ငံတော်တော်များများတွင် လူအများစုယုံကြည်ကိုးကွယ်ခဲ့ကြသော ဘာသာဖြစ်ကြောင်း ကမ္ဘာ့သမိုင်း, ဘာသာသမိုင်းတို့၏ မှတ်တမ်းမှတ်ရာ များက အခိုင်အမာညွှန်ပြလျက်ရှိ၏။ သို့သော် ယခုအခါ၌ ထိုမှတ်တမ်းမှတ်ရာများသည် ဒဏ္ဍာရီပုံပြင်များ သဖွယ် တစ်နေ့တစ်ခြား တစ်နေ့တစ်ခြား ဝေဝါးဝေဝါး၍ လာခဲ့ပါပြီ။ ယခုအခါ ကမ္ဘာ့နိုင်ငံများတွင် ဗုဒ္ဓဘာသာဝင်များ တစတစနည်းပါးလာမှုကြောင့် ဗုဒ္ဓဘာသာနိုင်ငံကို ရေတွက်လျှင် လက်ချိုးရေတွက် ရသော အဆင့်မှာသာရှိတော့၏။

ထိုကဲ့သို့သော အခြေအနေဆိုးမျိုးတွေ့နှင့် ကြုံတွေ့,ကြုံတွေ့,နေရသည်မှာ ခိုင်မာတိကျသော အကြောင်းပြချက်တစ်ခုရှိ၏။ ယင်းသည်ကား အခြားမဟုတ်၊ ဗုဒ္ဓသာသနာတော်ရောက်ရှိခြင်းနှင့်အတူ ပါဠိဘာသာထွန်းကားပြန့်ပွားအောင် သင်ကြားပို့ချခြင်းများ မဆောင်ရွက်နိုင်ခဲ့သောကြောင့်ဖြစ်၏။

ယနေ့ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာ နေလို့,လလို ထွန်းကားသောနိုင်ငံဟူ၍ နိုင်ငံသူ နိုင်ငံသားများက အမြဲတမ်း ဂုဏ်ယူဝင့်ကြွားလျက်ရှိကြ၏။ တကယ်တမ်းလည်း ဂုဏ်ယူဝင့်ကြွားမည်ဆို ပါက ဝင့်ကြွားလောက်ပါပေသည်။ ထိုသို့ ဝင့်ကြွားလောက်သောအဆင့်သို့ရောက်ရှိရန် မည်ကဲ့သို့သော အခြေအနေပေါင်းများစွာ အဆင့်ဆင့်ကျော်ဖြတ်ခဲ့ရသည်ကို စဉ်းစားသုံးသပ်ကြည့်သင့်ပါ၏။ မြန်မာ နိုင်ငံသို့ သာသနာရောက်ရှိလာပုံသမိုင်းကို သာသနာလင်္ကာရကျမ်း, သာသနဝံသပွဒီပိကာ-စသော ကျမ်းများနှင့် ကျောက်စာ, ရာဇဝင်တို့၌ ဤသို့ဖွင့်ပြကြ၏။

၁။ ဘုရားပွင့်တော်မူသောနှစ်တွင် ဘုရားရှင်ကိုယ်တော်မြတ် လင်းလွန်းပင်ရင်းစံနေတော်မူစဉ် ဘုရားရှင်ပေးသနားတော်မူလိုက်သော ဆံတော်ရှစ်ဆူကို တပုဿနှင့် ဘလ္လိကာညီနောင်တို့ ပင့်ဆောင်လာခဲ့ကြသဖြင့် မြန်မာနိုင်ငံ (ဥက္ကလာပဇနပုဒ်-အသိတဉ္စန-ရန်ကုန်မြို့) သို့ ပဌမအကြိမ် သာသနာတော်ရောက်၏။

၂။ မြတ်စွာဘုရားရှင် ဘုရားအဖြစ်သို့ရောက်တော်မူ၍ ဝါတော် (၈) ဝါအရတွင် ဂဝမွတိမထေရ် ပင့်လျှောက်ချက်အရ နောက်ပါသံဃာတော်များနှင့် အတူတကွမြန်မာနိုင်ငံ (ရာမညရဋ္ဌ,သုဓမ္မပူရမြို့-သထုံမြို့) သို့ ကြွရောက်တော်မူလာသဖြင့် ဒုတိယအကြိမ် သာသနာတော်ရောက်၏။

၃။ မြတ်စွာဘုရားရှင် ဝါတော် (၂၀) ကျော်တွင် မဟာပုဏ္ဏထေရ်ကို အကြောင်းပြု၍ နောက်ပါသံဃာတော် (၅၀၀) နှင့်တကွ မြန်မာနိုင်ငံ (သုနာပရန္တ, ဝါဏိဇဂါမ-မင်းဘူးမြို့,နယ်၊ လယ်ကိုင်းကျောင်းတော်ရာ) သို့ ကြွရောက်တော်မူလာဖြင့် တတိယအကြိမ်သာသနာတော်ရောက်၏။

၄။ ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာသင်္ဂါယနာ (၂၃၅) နှစ်သို့ရောက်သောအခါ ပါဋလိပုတ်ပြည် သီရိဓမ္မာသောကမင်းကြီးနှင့် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်မြတ်တို့ တိုင်ပင်နှီးနှော၍ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်ရာ သောဏမထေရ်, ဥတ္တရမထေရ်တို့ မြန်မာနိုင်ငံ (သုဝဏ္ဏဘူမိ-သထုံ) သို့ ရောက်ရှိလာသဖြင့် စတုတ္ထအကြိမ် သာသနာတော်ရောက်၏။

ထို့ပြင် "မြန်မာအစ တကောင်းက"ဟု ကြွေးကြော်ခဲ့ဘူးသော တကောင်းခေတ်, သရေခေတ္တရာခေတ်နှင့် အခြားအခြားသော ဒေသန္တရသမိုင်းများကလည်း ဘုရားရှင်ကြွလာကြောင်း, သာသနာတော်ရောက်ရှိကြောင်း, ဗျာဒိတ်ထားတော်မူခဲ့ကြောင်း အသီးအသီးရေးသားကာ မှတ်တမ်းတင်ထားကြပေ သည်။

ဤသို့ မြန်မာနိုင်ငံသို့ သာသနာတော်အကြိမ်ကြိမ်ရောက်ရှိလာခဲ့ရာ စတုတ္ထအကြိမ်ရောက်ရှိလာသော သောဏမထေရ်နှင့် ဥတ္တရမထေရ်တို့မှ ဆရာအဆက်ဆက် တပည့်အဆက်ဆက် ပါဠိပိဋကစာပေကို မနေမနား သင်ကြားပို့ချခဲ့သဖြင့် မြန်မာနိုင်ငံ၌ ယနေ့တိုင်အောင် သာသနာတော် ထွန်းကားပြန့်ပွားနေခြင်းဖြစ်ပါ၏။

ပုဂံခေတ် အနော်ရထာမင်းလက်ထက် သထုံမှ ပိဋကစာပေများရရှိရန် ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရသောအခြေအနေတွေကို သမိုင်းစာမျက်နှာများတွင် ဖော်ပြလျက်ရှိသည်။ ခက်ခက်ခဲခဲ ရခဲ့သော ကြောင့် ပို၍တန်ဖိုးထားကြသည်ဟု ဆိုရမည်လားမသိ။ ပုဂံခေတ်ကို ပါဠိပိဋကစာပေသင် ကြားမှုတွင် သူမတူအောင် စွမ်းဆောင်နိုင်ခဲ့သော ခေတ်တစ်ခေတ်အဖြစ် မော်ကွန်းတင်ခဲ့ကြ၏။

ပါဠိဘာသာတတ်ကျွမ်းသော ဘုရင်ကြီး

မော်ကွန်းတင်မည်ဆိုပါက တင်လောက်ပေသည်။ ပုဂံခေတ်၌ ရဟန်းတော်များသာမက ဘုရင်နှင့် တိုင်းသူပြည်သားများပါ ပါဠိဘာသာ ကြိုးစားသင်ယူလေ့ရှိကြ၏။ ဘုရင်ကြီးတစ်ပါးဆိုလျှင် ရဟန်းသံဃာတော်များကိုပင် စာပေကျမ်းဂန် ပြန်လည်ပို့ချပေးနိုင်စွမ်းရှိပေသည်။ အများက သူ့ကို "ဓမ္မရာဇာ"ဟု သမုတ်ကြ၏။ ထိုမင်းကြီးသည် သာသနာတော်ကို အထူးသက်ဝင်ယုံကြည်သောကြောင့် ဗေဒင်ယတြာအယူအဆများကို ပစ်ပယ်ထားဟန်တူ၏။

သူသည် ဘုရားစေတီတည်ထားရန် အုတ်ဖုတ်သောနေ့, ဘုရားပန်းက်ချသောနေ့, အုတ်မြစ်ချသောနေ့-စသည့်နေ့များကို ရွေးချယ်ရာ၌ ပြဿဒါးနေ့ရက်များကို တမင်ရွေးချယ်၍ ပြုလုပ်လေ့ရှိသည်။ ထို့ကြောင့် သူ့ကို "ပြဿဒါးမင်းကြီး"ဟုခေါ်ဆို၍ သူတည်ထားကိုးကွယ်ခဲ့သော ဘုရားကိုလည်း "ပြဿဒါးဘုရား"ဟု ယနေ့တိုင် ခေါ်ဆိုလျက်ရှိ၏။

ထိုမင်းကြီးသည် ပိဋကစာပေကျမ်းဂန်တို့၌ သဘောအဓိပ္ပါယ်ကောက်ယူရာတွင် ကောက်ယူချက် အလွန်ကျနစွာရှိသောကြောင့် "ကျနစွာမင်းကြီး ကျနစွာမင်းကြီး"ဟု ရှင်လူအများ ခေါ်ဝေါ်နေကြရာမှ နောင်သောအခါ "ကျစွာမင်း"ဟု နာမည်တွင်ခဲ့သည်ဟူ၏။

သာသနာတော်သုံးဘာသာ

ဤသို့ ပုဂံခေတ်၌ ပါဠိဘာသာ သင်ကြားတတ်မြောက်မှုသည် စံနမူနာဖြစ်သကဲ့သို့ ပင်းယခေတ်, အင်းဝခေတ်, အမရပူရခေတ်, ရတနာပုံခေတ်တို့၌လည်း ပါဠိဘာသာသင်ကြားတတ်မြောက်မှုသည် အောင်လံလွှင့်ထူလျက်ပင်ရှိပါ၏။ ခေတ်အဆက်ဆက် ပြောင်းလဲသွားသော်လည်း ပြောင်းလဲမသွား သည်မှာ ပါဠိဘာသာသင်ကြားတတ်မြောက်မှုပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၌ ပါဠိဘာသာ အခိုင်အမာသင်ကြားတတ်မြောက်မှု ထွန်းကားနေသောကြောင့် ယနေ့တိုင် ဗုဒ္ဓသာသနာတော် နေလို,လလို ထွန်းလင်းနေခြင်းဖြစ်၏။ ထို့ကြောင့် မြန်မာနိုင်ငံသား ရဟန်းရှင်လူအားလုံးတို့သည် ပိဋကသုံးပုံ၏ အဆိုအနှစ်များကို ခံစားခွင့်ရရှိနေကြပါသည်။ စင်စစ် အင်္ဂလိပ်ဘာသာသည် အင်္ဂလိပ်နိုင်ငံသုံးဘာသာဖြစ်သကဲ့သို့, မြန်မာဘာသာသည် မြန်မာနိုင်ငံသုံးဘာသာ ဖြစ်သကဲ့သို့ ပါဠိဘာသာသည် ဗုဒ္ဓဘာသာဝင်တိုင်း အလေးထားသင်ယူသင့်သော သာသနာတော်သုံးဘာသာဖြစ်၏။

မြတ်ဗုဒ္ဓသာသနာတော်ကို သစ်ပင်ကြီးနှင့် ဥပမာပြုခဲ့သော် ပါဠိဘာသာသည် ရေသောက်မြစ် တမျှ အရေးပါလှ၍ သက်ရှိသတ္တဝါနှင့် ဥပမာပြုခဲ့သော် ပါဠိဘာသာသည် အသက်သွေးကြောတမျှ တန်ဖိုးထားသင့်သောဘာသာဖြစ်သည်။

ဤတိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီးသည် ပါဠိဘာသာကို တည်ပုဒ်အဖြစ်ထား၍ သိမှတ်ဖွယ်ရာအဖြာဖြာတို့ကို ရှာဖွေစုစည်းထားခြင်းဖြစ်ရာ ပါဠိဘာသာရေသောက်မြစ်, ပါဠိဘာသာအသက်သွေးကြော ရှင်သန်ထွန်းကားရေးအတွက် သုတေသီပညာရှင်တို့ အားကိုးအားထားပြုသင့်သည့် ကျမ်းတစ်ဆူ အဖြစ် ညွှန်းဆိုလိုက်ပါရစေ။

ဗဟုသုတဟင်းလေးအိုးကြီး

ကျမ်းပြုဆရာတော်များ၏ ကြိုးစားအားထုတ်မှုကို အခြေခံ၍ တစ်အုပ်ပြီးတစ်အုပ် ထွက်ပေါ်လာသော အဘိဓာန်ကျမ်းကြီးများသည် မတူညီသော ပါဠိဝေါဟာရတို့ကို အသေးစိတ် ဖွင့်ဆိုပြကြသဖြင့် ဆိုင်ရာဆိုင်ရာ ဗဟုသုတများကို တစ်ပွေ့တစ်ပိုက်ကြီး သယ်ဆောင်လာသော "ဗဟုသုတဟင်းလေးအိုးကြီးများ"ဟုဆိုပါက သင့်တော်လျောက်ပတ်လိမ့်မည် ထင်ပါသည်။

အဘိဓာန်အမျိုးမျိုးရှိကြရာတွင် ဘာသာတစ်ခုကို အခြားဘာသာသို့ ပြန်ဆိုခြင်းသည်လည်း အဘိဓာန်တစ်မျိုးပင်ဖြစ်ရာ ဤတိပိဋကပါဠိမြန်မာအဘိဓာန် အတွဲ (၂၀) ၌ပင် အဘိဓာန်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဘာသာပြန်လုပ်ငန်းကို ခက်ရာခက်ဆစ် စွမ်းဆောင်ခဲ့သောအဖြစ်အပျက်တစ်ခုကို အံ့သြဘွယ်ရာ တွေ့ရှိရပေ၏။

သီဟိုဠ်ဘာသာမှ မာဂဓဘာသာ

ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူပြီး သာသနာသက္ကရာဇ် (၉၇၃) ခုနှစ်တွင် သီဟိုဠ်ကျွန်း (သီရိလင်္ကာနိုင်ငံ)ဝယ် မဟာနာမမည်သောမင်း အုပ်စိုးသောအချိန်ဖြစ်၍ မြန်မာနိုင်ငံ အရိမဒ္ဒနခေါ် ပုဂံပြည်ဝယ် သေဉ်လည်ကြောင်မင်း အုပ်စိုးနေသောအချိန်ဖြစ်၏။ ထိုအခါ ဇမ္ဗူဒီပ်ကျွန်း မဂဓတိုင်း ရာဇဂြိုဟ်ပြည် မဟာဗောဓိပင်၏ အနောက် ယောသရွာတွင် မွေးဖွားသော ရှင်မဟာဗုဒ္ဓဃောသ-ကို ဆရာဖြစ်သူ အရှင်ရေဝတမထေရ်သည် ဤသို့မိန့်တော်မူ၏။

"ငါ့ရှင်ဗုဒ္ဓဃောသ သီဟိုဠ်ကျွန်း၌ သီဟိုဠ်ဘာသာဖြင့် ရေးသားအပ်သော စင်ကြယ်သော သီဟိုဠ်အဋ္ဌကထာသည် ရှိ၏၊ သင်သည် သီဟိုဠ်ကျွန်းသို့သွား၍ အဋ္ဌကထာကိုကြားနာပြီး သီဟိုဠ်အဋ္ဌကထာကို မာဂဓဘာသာသို့ ပြောင်းလဲပြုပြင် စီရင်ပါလော၊ ထိုမာဂဓဘာသာဖြင့် စီရင်အပ်သော အဋ္ဌကထာသည် အလုံးစုံသောလောက၏ အကျိုးစီးပွားကို ဆောင်နိုင်ပါလိမ့်မည်"ဟု မိန့်တော်မူ၏။

သို့ဖြစ်၍ ရှင်မဟာဗုဒ္ဓဃောသမထေရ်သည် သီဟိုဠ်ကျွန်း မဟာဝိဟာရကျောင်းတိုက်သို့သွားရောက်ကာ သီဟိုဠ်ဆရာတော်များထံမှ သီဟိုဠ်အဋ္ဌကထာနှင့် ထေရဝါဒတို့ကို အလုံးစုံသင်ယူ တော်မူ၏။ ထိုသို့သင်ယူပြီးနောက် "ဤအယူဝါဒများသည် ဘုရားရှင်၏ အယူဝါဒပင်တည်း" ဟု ဆုံးဖြတ်ချက်ချ၍ သီဟိုဠ်အဋ္ဌကထာများကို မာဂဓဘာသာပြန်ဆိုရန် တပည့်တော်အား ပေးတော် မူကြပါဟု တောင်းပန်လျောက်ထား၏။ ထိုအခါ သံဃပါလမထေရ် ဦးဆောင်သော သံဃာတော်တို့သည် ရှင်မဟာဗုဒ္ဓဃောသမထေရ်-၏ ဉာဏ်စွမ်းကို စူးစမ်းလိုသဖြင့် သံယုတ္တနိကာယ် လာ-

အန္ဓော ဇဋာ ဗဟိ ဇဋာ၊ ဇဋာယ ဇဋိတာ ပဇာ။
တံ တံ ဂေါတမ ပုစ္ဆာမိ၊ ကော ဣမံ ဝိဇဋယေ ဇဋံ။
သိလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။

အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ-ဟူသော ဂါထာနှစ်ပုဒ်ကိုပေး၍ ဤဂါထာတို့၌ သင်၏ဉာဏ်စွမ်းကိုပြလော၊ သင်၏ ဉာဏ်စွမ်းကိုမြင်ရလျှင် အလုံးစုံသော အဋ္ဌကထာတို့ကို ပေးမည်-ဟု ဝန်ခံကတိပြုတော်မူကြ၏။

ထိုအခါ ရှင်မဟာဗုဒ္ဓယောသမထေရ်သည် ထိုနှစ်ဂါထာတို့၌ ဉာဏ်ဖြင့်သက်ဝင်၍ ပိဋကသုံးပုံ အဋ္ဌကထာတို့ကို အကျဉ်းပေါင်းရုံးလျက် "ဝိသုဒ္ဓိမဂ္ဂ"မည်သောကျမ်းကို ပြုစုတော်မူလိုက်၏။ (အကျယ်ကို ဝိသုဒ္ဓိမဂ္ဂပုဒ်ကို ရှုပါ)

ထို ဝိသုဒ္ဓိမဂ်ကျမ်းကို သီဟိုဠ်သံဃာတော်များက အလွန်နှစ်သက်တော်မူကြသဖြင့် ရှင်မဟာဗုဒ္ဓယောသ-အပေါ် ယုံကြည်၍ သီဟိုဠ်အဋ္ဌကထာများကို မာဂဓဘာသာသို့ပြန်ဆိုရန် ခွင့်ပြုတော်မူကြပါသည်။ ထိုခွင့်ပြုချက်အရ သီဟိုဠ်အဋ္ဌကထာများကို မာဂဓဘာသာသို့ ပြန်ဆိုတော်မူခဲ့သည်ဖြစ်ရာ အဘိဓာန်၏ အစိတ်အပိုင်းတစ်ခုဖြစ်သော ဘာသာပြန်လုပ်ငန်းကို မည်ရွေ့မည်မျှ အလေးထားတော်မူခဲ့ကြသည်ကို မှန်းဆကြည်ညိုခွင့် ရရှိပေ၏။

ဤသို့ မျိုးစေ့မှန်၍ အပင်သန်ခဲ့သော တိပိဋကပါဠိမြန်မာအဘိဓာန်ကြီးကို မြန်မာနိုင်ငံက ရှေးဦးစွာ ရေးသားစီရင်လိုက်ခြင်းဖြင့် သုတေသီပညာရှင်တို့၏ လိုအင်ဆန္ဒကို အစွမ်းကုန် ဖြည့်ဆည်း လိုက်ရပေပြီ။ ဘာသာတစ်ခုကို အခြားဘာသာသို့ပြောင်းလဲရသောအလုပ်သည် တကယ်တော့ မလွယ်ကူ လှပါ။ သို့မလွယ်ကူသော်လည်း လေ့လာသူတို့ အခြိုန်အနည်းငယ်မျှဖြင့် စုံစုံလင်လင်သိရှိနိုင်ကြစေရန် အစွမ်းကုန် ကြိုးပမ်းထားပါသည်။

ဤစာသည် နိဒါန်းမျှသာဖြစ်၍ အကျယ်တဝင့် မဖွင့်ဆိုနိုင်သည်ကို နားလည်ခွင့်လွှတ်ကြရန်ဖြစ်ပါသည်။ သို့သော် "အပွေးမြင် အပင်သိ" ဟူသောစကားကဲ့သို့ အနည်းငယ်မျှ ပြရုံလောက်ဖြင့် မြင်သာထင်သာ ရှိလာလိမ့်မည်ဖြစ်ပါ၏။ ဥပမာ- ဝိသာခပုဒ်ကို ကြည့်ပါ။

ဝေါဟာရ၏ဇာစ်မြစ်နှင့် သမိုင်းကြောင်းကို လေ့လာခြင်းဟူသော နာမညသုသါပ ရှုဒေါင့်က လေ့လာလိုကြသူတို့အတွက်- ဝိသာခ (ထီးပု) | ဝိသဒိသ+ခနု+ကို့။ ဝိ+သခ။ ဝိ+သာခါ။ ဝိသဒိသံ ဖလံ ခဏတီတိ ဝိသာခါ၊ ဝိဝိဓာ ဝါ သခါ မိတ္တာ ယဿာ သာ ဝိသာခါ (ဓာန်၊ဋီ။၅၉) ဝိဝိဓာ ဗဟုကာ ပုတ္တနတ္တာပနတ္တာဒိကာ သာခါ ယဿာ သာ ဝိသာခါ။ (ဓာန်၊ဋီ။၄၃၇။ ပါစိတ်၊ ယော။ ၅၈၂) | ဟု တိကျစွာ ခွဲပြထားပါ၏။

သက္ကတ, ပြာကရိုက်, အဒ္ဓမာဂမီ-အလိုကို သိလိုကြသူတို့အတွက်- ဝိဂါခ-သက္ကတပိဋကာ။ ဝိသဟ-ပြာ၊ အဒ္ဓမာဂမီ-ဟု ညွှန်းဆိုထားပါသည်။

မြန်မာနိုင်ငံ၌ ဝိသာခ-ဟူသော အသံကိုကြားသည့်အခါ သာမန်ပုဂ္ဂိုလ်များသည် ကျောင်းအမကြီး ဝိသာခါ-ကိုသာ ပြေး၍မြင်လေ့ရှိကြ၏။ ထို့ထက် ဗဟုသုတရှိသူတို့ကား ကျောင်းအမကြီးဝိသာခါနှင့် (ဓမ္မကထိကအရာ ဧတဒဂ်ရ ဓမ္မဒိန္နာဘိက္ခုနီမ၏ လူဖြစ်စဉ်က ခင်ပွန်းတော်စပ်ခဲ့သော) ဝိသာခသူဌေးတို့ကို သိရှိကြမည်ဖြစ်ပါ၏။ သို့သော် ထိုထက်ပို၍ သိသော သူကား အတော်ရှားပါးလိမ့်မည်ထင်ပါသည်။

ဤအဘိဓာန်ကျမ်းကြီးသည်ကား ထိုဟာကွက်ကို လေ့လာလိုက်စားလိုသူတို့အတွက် ပြည့်ပြည့်ဝဝဖြည့်ဆည်း ပေးထားပါသည်။

ပုလ္လိင်၌ဖြစ်သော ဝိသာခ-သဒ္ဒါက-
(၁) ဝိသာခဒါယကာ ဝိသာခသူဌေး၊
(၂) မင်္ဂလဘုရားရှင်၏ မြတ်သောအလုပ်အကျွေး ဝိသာခဒါယကာ၊
(၃) ဖုဿဘုရားရှင်၏ မြတ်သောအလုပ် အကျွေး ဝိသာခဒါယကာ၊
(၄) မေတ္တာစျာန်ဖြင့်နေလေ့ရှိသော ဝိသာခမထေရ်၊
(၅) ပဉ္စာလမင်းသမီး၏ သား ဝိသာခမထေရ်-တို့ကို ဟောနိုင်စွမ်းရှိကြောင်း ပြဆိုထားပါသည်။

ထို့ပြင် ပဉ္စာလမင်းသမီး၏သား ဝိသာခမထေရ် ဟောကြားအပ်သော ဓမ္မကထိကပုဂ္ဂိုလ်တို့၏ လက္ခဏာတို့ကိုလည်း-
(၁) မိမိကိုယ်ကို မပလွှားမခိုးမြောက်ရ၊
(၂) သူတပါးတို့ကို မရှုတ်ချရ၊
(၃) သူတပါးတို့ကို အထင်အမြင်မသေးရ၊
(၄) အသိအလိမ္မာဉာဏ်ပညာ၏ ကမ်းတဖက်သို့ရောက်သော ရဟန္တာကို ထိခိုက် မပြောဆိုရ၊
(၅) မိမိ၏ဂုဏ်ကျေးဇူးကို မင်းပရိသတ်စသည်တို့၏အလယ်၌ ထုတ်ဖော်မပြောဆိုရ၊
(၆) ပျံ့လွင့်ခြင်းကင်းသူ, ကောင်းစွာနှိုင်းချိန်၍ပြောဆိုသူ, ကောင်းသောအကျင့်သီလနှင့် ပြည့်စုံသူဖြစ်ရမည်ဟူ၍ ပြဆိုထားပါသည်။

ဣတ္ထိလိင်၌ဖြစ်သော ဝိသာခ-သဒ္ဒါက-
(၁) ပုဗ္ဗာရုံကျောင်းအမကြီး ဝိသာခါ၊
(၂) ကကုသန်ဘုရားရှင်၏မယ်တော် ဝိသာခါ၊
(၃) ပိယဒဿီဘုရားရှင်၏ မြတ်သောအလုပ်အကျွေးမ ဝိသာခါ၊
(၄) သြဏ္ဏာကမင်းကြီး၏ မိဖုရား ဝိသာခါ၊
(၅) ရဟန်းမိန်းမ ဝိသာခါ၊
(၆) ဝိသာခါနက္ခတ်၊
(၇) ဝိသာခသုတ် (က) ဝိသာခါသုတ် (ခ) ဝိသာခါသုတ် (၂) သုတ်၊
(၈) အရေးအကြောင်းတို့ကို ဟောနိုင်ကြောင်းကို စုံစုံလင်လင်ပြဆိုထားပါသည်။

ထို့ပြင် ဆိုင်ရာဆိုင်ရာပုဂ္ဂိုလ်တို့၏ ဝတ္ထုဇာတ်လမ်းတို့ကိုလည်း ဖတ်ချင်စဖွယ်ကောင်းအောင် ရေးသားထားပြီး ယင်းရေးသားချက်တို့သည် လုံးဝခိုင်မာမှုရှိကြောင်း သက်ဆိုင်ရာကျမ်းညွှန်းတို့ကိုလည်း ပြဆိုထားပါ၏။ (အကျယ်ကို ဝိသာခပုဒ်ရှု)

အထက်ပါ စံနမူနာပုံစံအနေအားဖြင့် ပြဆိုလိုက်သော အဓိပ္ပါယ်တို့ကို လေ့လာလိုသော သုတေသီပုဂ္ဂိုလ်တို့သည် ထိုထိုပါဠိ,အဋ္ဌကထာ,ဋီကာတို့ကို လိုက်လံစူးစမ်းရှာဖွေကြည့်ရှုနေကြမည်ဆိုပါက အခြိန်လည်းကုန်၊ လူလည်းပင်ပန်းကြသဖြင့် **"ဆန်ရလိုကြောင်း ဖွဲကိုထောင်းသော် ပန်းညောင်းရုံမျှ ဆန်မရသို့"** ဟူသော ရှင်မဟာရဋ္ဌသာရ မိန့်ကြားတော်မူခဲ့သည့် အဖြစ်မျိုးနှင့်ပင် မုချတွေ့ကြုံသွား နိုင်ပေ၏။

ဤတိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းကြီးကို ကြည့်ရှုလေ့လာလိုက်မည်ဆိုပါက အချိန်မကုန်လူမပန်းပဲ အလွန်သက်သာလွယ်ကူလှသဖြင့် -

"ဥယျာဉ်ဖုံဖုံ
ပန်းမျိုးစုံက
ဝတ်မှုံသယ်ထား
ပန်းလေးများ၏
စုထားညီညီ
ထို 'ပျားရည်' ကို
လိုသည်ခဏ
တဒင်္ဂဖြင့်
ဒုက္ခမထူ
အရယူသို့" ဆိုသည့်အတိုင်း အနည်းငယ်မျှသော တဒင်္ဂ တစ်ခဏအချိန်လေးအတွင်းဝယ် တစ်ပုဒ်တည်း တစ်ထိုင်တည်းဖြင့်ပင် သိသင့်သိထိုက်သော အဓိပ္ပါယ်တို့ကို ပြည့်ပြည့်စုံစုံ သိရှိသွားနိုင်ပေသည်။

ရတနာသိုက်တွေ့ကြောင်း သတင်းကောင်း

ချုပ်၍ဆိုရသော် အဖိုးအနှုတ်ထိုက်တန်လှသော စိန်ရွှေငွေပတ္တမြားစသော ရတနာအဖြာဖြာ တို့သည် တောင်တိုင်းတောင်တိုင်း, မြေနေရာတိုင်း မြေနေရာတိုင်း၌ ပေါ်ထွန်းထွက်ပေါ်လာရိုးထုံးစံ မရှိပေ၊ ထူးခြားသောတောင်နှင့် ထူးခြားသောမြေနေရာတို့၌သာ ထွက်ပေါ်လာရိုးထုံးစံရှိပေ၏။ ထို ထူးခြားသောတောင် ထူးခြားသောမြေနေရာတို့မှ အသီးအသီး ထွက်ပေါ်လာသော ရတနာတို့ကို အားလုံးပေါင်း၍ စုစည်းထားရာ တွေ့ကြုံနိုင်ရာနေရာကို "ရတနာသိုက်"ဟု ခေါ်ဆိုကြပေသည်။ ဘုန်းကံကြီးများသောပုဂ္ဂိုလ်တို့သည် ထိုရတနာသိုက်ကို တွေ့ရှိရသည်ရှိသော် စိန်ကိုအလိုရှိသောသူသည် စိန်ရတနာကို, ပတ္တမြားကိုအလိုရှိသောသူသည် ပတ္တမြားရတနာကို ဆွဲယူသုံးစွဲနိုင်ပေ၏၊ အခြားရတနာများကို အလိုရှိသောသူတို့သည် အခြားသောရတနာများကို ဆွဲယူသုံးစွဲနိုင်ကြပေ၏။

ထိုနည်းတူစွာ မန္တလေးမြို့၊ ဒကွိဏာရာမဘုရားကြီးတိုက် တိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့က ပါဠိတော်, အဋ္ဌကထာ, ဋီကာ, အနု, မဓု, ဂဏ္ဌိ-စသည်တို့မှ ပိဋကသုံးပုံအဆိအနှစ်တို့ကို ထုတ်နုတ်၍ ဤတိပိဋကပါဠိမြန်မာအဘိဓာန်ကျမ်းဟူသော သုတရတနာစာပေသိုက်ကြီးကို အောင်မြင် စွာဖွင့်လှစ်လိုက်ပြီဖြစ်ပါသည်။ ဘုန်းကံကြီးများသောပုဂ္ဂိုလ်တို့သည် မိမိတို့လိုရာ ပိဋကသုံးပုံအဆိအနှစ် များကို လွယ်လင့်တကူ ထုတ်ယူသုံးစွဲနိုင်ကြပြီဖြစ်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသတည်း။

တိပိဋကပါဠိ မြန်မာအဘိဓာန်၌ အသုံးပြုသော ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းစဉ်ပုံနှင့် ကျမ်းအမည်သင်္ကေတများ

အစဉ်	ကျမ်းအမည်	သင်္ကေတ
	ဝိနည်း ၅-ကျမ်း	
၁	ပါရာဇိကပါဠိ	ဝိ၊ ၁။
၂	ပါစိတ္တိယာပါဠိ	ဝိ၊ ၂။
၃	မဟာဝဂ္ဂပါဠိ	ဝိ၊ ၃။
၄	စူဠဝဂ္ဂပါဠိ	ဝိ၊ ၄။
၅	ပရိဝါရပါဠိ	ဝိ၊ ၅။
	ဒီဃနိကာယ် ၃-ကျမ်း	
၆	သီလက္ခန္ဓဝဂ္ဂပါဠိ	ဒီ၊ ၁။
၇	မဟာဝဂ္ဂပါဠိ	ဒီ၊ ၂။
၈	ပါထိကဝဂ္ဂပါဠိ	ဒီ၊ ၃။
	မဇ္ဈိမနိကာယ် ၃-ကျမ်း	
၉	မူလပဏ္ဏာသပါဠိ	မ၊ ၁။
၁၀	မဇ္ဈိမပဏ္ဏာသပါဠိ	မ၊ ၂။
၁၁	ဥပရိပဏ္ဏာသပါဠိ	မ၊ ၃။
	သံယုတ္တနိကာယ် ၃-ကျမ်း	
၁၂	သံယုတ္တပါဠိ (ပ)	သံ၊ ၁။
၁၃	သံယုတ္တပါဠိ (ဒု)	သံ၊ ၂။
၁၄	သံယုတ္တပါဠိ (တ)	သံ၊ ၃။
	အင်္ဂုတ္တရနိကာယ် ၃-ကျမ်း	
၁၅	အင်္ဂုတ္တရပါဠိ (ပ)	အံ၊ ၁။
၁၆	အင်္ဂုတ္တရပါဠိ (ဒု)	အံ၊ ၂။
၁၇	အင်္ဂုတ္တရပါဠိ (တ)	အံ၊ ၃။

တိပိဋကပါဠိ မြန်မာအဘိဓာန်
ပါဠိတော်ကျမ်းစဉ်ပုံ နှင့် ကျမ်းအမည်သင်္ကေတများ

အစဉ်	ကျမ်းအမည်	သင်္ကေတ
	အဘိဓမ္မာ ၇-ကျမ်း	
၁၈	ဓမ္မသင်္ဂဏီပါဠိ	အဘိ၊ ဓ။
၁၉	ဝိဘင်္ဂပါဠိ	အဘိ၊ ဝိ။
၂၀	ဓာတုကထာ, ပုဂ္ဂလပညတ်	အဘိ၊ ပု။
၂၁	ကထာဝတ္ထုပါဠိ	အဘိ၊ က။
၂၂	ယမကပါဠိ (ပ)	ယမက၊ ၁။
၂၃	ယမကပါဠိ (ဒု)	ယမက၊ ၂။
၂၄	ယမကပါဠိ (တ)	ယမက၊ ၃။
၂၅	ပဋ္ဌာနပါဠိ (ပ)	ပဋ္ဌာန၊ ၁။
၂၆	ပဋ္ဌာနပါဠိ (ဒု)	ပဋ္ဌာန၊ ၂။
၂၇	ပဋ္ဌာနပါဠိ (တ)	ပဋ္ဌာန၊ ၃။
၂၈	ပဋ္ဌာနပါဠိ (စ)	ပဋ္ဌာန၊ ၄။
၂၉	ပဋ္ဌာနပါဠိ (မ)	ပဋ္ဌာန၊ ၅။
	ခုဒ္ဒကနိကာယ်ကျမ်းများ	
၃၀	ပဋိသမ္ဘိဒါမဂ္ဂပါဠိ	ပဋိသံ။
၃၁ (က)	ခုဒ္ဒကပါဋပါဠိ	ခုဒ္ဒက။
(ခ)	ဓမ္မပဒပါဠိ	ဓမ္မပဒ။
(ဂ)	ဥဒါနပါဠိ	ဥဒါန။
(ဃ)	ဣတိဝုတ္တကပါဠိ	ဣတိဝုတ်။
(င)	သုတ္တနိပါတပါဠိ	သုတ္တနိ။
၃၂ (က)	ဝိမာနဝတ္ထုပါဠိ	ဝိမာန။
(ခ)	ပေတဝတ္ထုပါဠိ	ပေတ။
(ဂ)	ထေရဂါထာပါဠိ	ထေရ။
(ဃ)	ထေရီဂါထာပါဠိ	ထေရီ။
၃၃	အပါဒါနပါဠိ (ပ)	အပ၊ ၁။

တိပိဋကပါဠိမြန်မာအဘိဓာန်
ပါဠိဓာတ်ကျမ်းစဉ်ပုံနှင့် ကျမ်းအမည်သင်္ကေတများ

အစဉ်	ကျမ်းအမည်			သင်္ကေတ
		ခုဒ္ဒကနိကာယ်ကျမ်းများ		
၃၄	(က)	အပါဒါနပါဠိ	(၃)	အပ၊ ၂။
	(ခ)	ဗုဒ္ဓဝံသပါဠိ		ဗုဒ္ဓဝံ။
	(ဂ)	စရိယာပိဋကပါဠိ		စရိယာ။
၃၅		မဟာနိဒ္ဒေသပါဠိ		မဟာနိ။
၃၆		စူဠနိဒ္ဒေသပါဠိ		စူဠနိ။
၃၇		ဇာတကပါဠိ	(ပ)	ဇာ၊ ၁။
၃၈		ဇာတကပါဠိ	(၃)	ဇာ၊ ၂။
၃၉	(က)	နေတ္တိပါဠိ		နေတ္တိ။
	(ခ)	ပေဋကောပဒေသပါဠိ		ပေဋကော။
၄၀		မိလိန္ဒပဉ္ဉာပါဠိ		မိလိန္ဒ။

တိပိဋကဟ ပါဠိ မြန်မာအဘိဓာန်
အဋ္ဌကထာကျမ်းစဉ်ပုံ နှင့် ကျမ်းအမည်သင်္ကေတများ

အစဉ်	ကျမ်းအမည်	သင်္ကေတ
	ဝိနယအဋ္ဌကထာ	
၁	ပါရာဇိကကဏ္ဍအဋ္ဌကထာ (ပ)	ဝိ၊ ဋ္ဌ၊ ၁။
၂	ပါရာဇိကကဏ္ဍအဋ္ဌကထာ (ဒု)	ဝိ၊ ဋ္ဌ၊ ၂။
၃	ပါစိတ္တိဝိ ။	ဝိ၊ ဋ္ဌ၊ ၃။
၄	စူဠဝဂ္ဂါဒိ ။	ဝိ၊ ဋ္ဌ၊ ၄။
၅	ကခ်ီဝိတရဏီ ။	ကခ်ီ။
၆	ဝိနယသင်္ဂဟ ။	ဝိ၊ သင်္ဂဟ။
	ဒီဃနိကာယအဋ္ဌကထာ	
၇	သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ	ဒီ၊ ဋ္ဌ၊ ၁။
၈	မဟာဝဂ္ဂဋ္ဌကထာ	ဒီ၊ ဋ္ဌ၊ ၂။
၉	ပါထိကဝဂ္ဂဋ္ဌကထာ	ဒီ၊ ဋ္ဌ၊ ၃။
	မဇ္ဈိမနိကာယအဋ္ဌကထာ	
၁၀	မူလပဏ္ဏာသ အဋ္ဌကထာ (ပ)	မ၊ ဋ္ဌ၊ ၁။
၁၁	မူလပဏ္ဏာသ ။ (ဒု)	မ၊ ဋ္ဌ၊ ၂။
၁၂	မဇ္ဈိမပဏ္ဏာသ ။	မ၊ ဋ္ဌ၊ ၃။
၁၃	ဥပရိပဏ္ဏာသ ။	မ၊ ဋ္ဌ၊ ၄။
	သံယုတ္တနိကာယအဋ္ဌကထာ	
၁၄	သံယုတ္တ အဋ္ဌကထာ (ပ)	သံ၊ ဋ္ဌ၊ ၁။
၁၅	သံယုတ္တ ။ (ဒု)	သံ၊ ဋ္ဌ၊ ၂။
၁၆	သံယုတ္တ ။ (တ)	သံ၊ ဋ္ဌ၊ ၃။

တိပိဋကပါဠိမြန်မာအဘိဓာန်
အဋ္ဌကထာကျမ်းစဉ်ပုံနှင့် ကျမ်းအမည်သင်္ကေတများ

အစဉ်	ကျမ်းအမည်	သင်္ကေတ
	အဂ်ုတ္တရနိကာယအဋ္ဌကထာ	
၁၇	အင်္ဂုတ္တရ အဋ္ဌကထာ (ပ)	အံ၊ ဋ၊ ၁။
၁၈	အင်္ဂုတ္တရ ။ (ဒု)	အံ၊ ဋ၊ ၂။
၁၉	အင်္ဂုတ္တရ ။ (တ)	အံ၊ ဋ၊ ၃။
	အဘိဓမ္မာအဋ္ဌကထာ	
၂၀	အဋ္ဌသာလိနီအဋ္ဌကထာ	အဘိ၊ ဋ၊ ၁။
၂၁	သမ္မောဟဝိနောဒနီအဋ္ဌကထာ	အဘိ၊ ဋ၊ ၂။
၂၂	ပဉ္စပကရဏအဋ္ဌကထာ	အဘိ၊ ဋ၊ ၃။
	ခုဒ္ဒကနိကာယအဋ္ဌကထာ	
၂၃	ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ (ပ)	ပဋိသံ၊ ဋ၊ ၁။
၂၄	ပဋိသမ္ဘိဒါမဂ္ဂ ။ (ဒု)	ပဋိသံ၊ ဋ၊ ၂။
၂၅	ဝိသုဒ္ဓိမဂ္ဂ ။ (ပ)	ဝိသုဒ္ဓိ၊ ဋ၊ ၁။
၂၆	ဝိသုဒ္ဓိမဂ္ဂ ။ (ဒု)	ဝိသုဒ္ဓိ၊ ဋ၊ ၂။
၂၇	ခုဒ္ဒကပါဋ ။	ခုဒ္ဒက၊ ဋ။
၂၈	ဓမ္မပဒ ။ (ပ)	ဓမ္မ၊ ဋ၊ ၁။
၂၉	ဓမ္မပဒ ။ (ဒု)	ဓမ္မ၊ ဋ၊ ၂။
၃၀	ဥဒါန ။	ဥဒါန၊ ဋ။
၃၁	ဣတိဝုတ္တက ။	ဣတိဝုတ်၊ ဋ၊
၃၂	သုတ္တနိပါတ ။ (ပ)	သုတ္တနိ၊ ဋ၊၁။
၃၃	သုတ္တနိပါတ ။ (ဒု)	သုတ္တနိ၊ ဋ၊၂။
၃၄	ဝိမာန ။	ဝိမာန၊ ဋ။
၃၅	ပေတဝတ္ထု ။	ပေတ၊ ဋ။
၃၆	ထေရဂါထာ ။ (ပ)	ထေရ၊ ဋ၊ ၁၊
၃၇	ထေရဂါထာ ။ (ဒု)	ထေရ၊ ဋ၊ ၂၊

တိပိဋက ပါဠိ မြန်မာအဘိဓာန်
အဋ္ဌကထာကျမ်းစဉ်ပုံ နှင့် ကျမ်းအမည်သင်္ကေတများ

အစဉ်	ကျမ်းအမည်			သင်္ကေတ
	ခုဒ္ဒကနိကာယအဋ္ဌကထာ			
၃၈	ထေရီဂါထာ အဋ္ဌကထာ			ထေရီ၊ ဋ္ဌ။
၃၉	အပါဒါန	။	(ပ)	အပ၊ ဋ္ဌ၊ ၁။
၄၀	အပါဒါန	။	(ဒု)	အပ၊ ဋ္ဌ၊ ၂။
၄၁	ဗုဒ္ဓဝံသ	။		ဗုဒ္ဓဝံ၊ ဋ္ဌ။
၄၂	စရိယာပိဋက	။		စရိယာ၊ ဋ္ဌ။
၄၃	မဟာနိဒ္ဒေသ	။		မဟာနိ၊ ဋ္ဌ။
၄၄	စူဠနိဒ္ဒေသ	။		စူဠနိ၊ ဋ္ဌ။
၄၅	ဇာတက	။	(ပ)	ဇာ၊ ဋ္ဌ၊ ၁။
၄၆	ဇာတက	။	(ဒု)	ဇာ၊ ဋ္ဌ၊ ၂။
၄၇	ဇာတက	။	(တ)	ဇာ၊ ဋ္ဌ၊ ၃။
၄၈	ဇာတက	။	(စ)	ဇာ၊ ဋ္ဌ၊ ၄။
၄၉	ဇာတက	။	(မ)	ဇာ၊ ဋ္ဌ၊ ၅။
၅၀	ဇာတက	။	(ဆ)	ဇာ၊ ဋ္ဌ၊ ၆။
၅၁	ဇာတက	။	(သ)	ဇာ၊ ဋ္ဌ၊ ၇။
၅၂	နေတ္တိအဋ္ဌကထာ			နေတ္တိ၊ ဋ္ဌ။

တိပိဋက ပါဠိ မြန်မာအဘိဓာန်
ဋီကာကျမ်းစဉ်ပုံနှင့် ကျမ်းအမည်သင်္ကေတများ

အစဉ်	ကျမ်းအမည်		သင်္ကေတ
	ဝိနယဋီကာ		
၁	ဝဇိရဗုဒ္ဓိ ဋီကာ		ဝဇိရ။
၂	သာရတ္ထဒီပနီ ဋီကာ	(ပ)	သာရတ္ထ၊ ၁။
၃	သာရတ္ထဒီပနီ ဋီကာ	(ဒု)	သာရတ္ထ၊ ၂။
၄	သာရတ္ထဒီပနီ ဋီကာ	(တ)	သာရတ္ထ၊ ၃။
၅	ဝိမတိဝိနောဒနီ ဋီကာ	(ပ)	ဝိမတိ၊ ၁။
၆	ဝိမတိဝိနောဒနီ ဋီကာ	(ဒု)	ဝိမတိ၊ ၂။
၇	ကင်္ခါဝိတရဏီ ဋီကာ		ကင်္ခါ၊ ဋီ။
၈	ကင်္ခါဝိတရဏီဋီကာသစ်		ကင်္ခါ၊ ဋီ၊သစ်။
	ဒီဃနိကာယဋီကာ		
၉	သီလက္ခန္ဓဝဂ္ဂဋီကာ		ဒီ၊ ဋီ၊ ၁။
၁၀	သီလက္ခန္ဓဝဂ္ဂဋီကာသစ်	(ပ)	သီ၊ဋီ၊သစ်၊၁။
၁၁	သီလက္ခန္ဓဝဂ္ဂဋီကာသစ်	(ဒု)	သီ၊ဋီ၊သစ်၊၂။
၁၂	မဟာဝဂ္ဂဋီကာ		ဒီ၊ ဋီ၊ ၂။
၁၃	ပါထိကဝဂ္ဂဋီကာ		ဒီ၊ ဋီ၊ ၃။
	မဇ္ဈိမနိကာယဋီကာ		
၁၄	မူလပဏ္ဏာသဋီကာ	(ပ)	မ၊ ဋီ၊ ၁။
၁၅	မူလပဏ္ဏာသဋီကာ	(ဒု)	မ၊ ဋီ၊ ၂။
၁၆	မဇ္ဈိမ-ဥပရိ-ပဏ္ဏာသဋီကာ		မ၊ ဋီ၊ ၃။
	သံယုတ္တနိကာယဋီကာ		
၁၇	သံယုတ္တဋီကာ	(ပ)	သံ၊ ဋီ၊ ၁။
၁၈	သံယုတ္တဋီကာ	(ဒု)	သံ၊ ဋီ၊ ၂။

တိပိဋကပါဠိ မြန်မာအဘိဓာန်
ဋီကာကျမ်းစဉ်ပုံနှင့် ကျမ်းအမည်သင်္ကေတများ

အစဉ်	ကျမ်းအမည်		သင်္ကေတ
	အဂ်ုတ္တရနိကာယဋီကာ		
၁၉	အဂ်ုတ္တရဋီကာ	(ပ)	အံ၊ ဋီ၊ ၁။
၂၀	အဂ်ုတ္တရဋီကာ	(ဒု)	အံ၊ ဋီ၊ ၂။
၂၁	အဂ်ုတ္တရဋီကာ	(တ)	အံ၊ ဋီ၊ ၃။
	အဘိဓမ္မပိဋကဋီကာ		
၂၂	မူလဋီကာ၊ အနုဋီကာ	(ပ)	မူလဋီ၊၁။ အနုဋီ၊၁။
၂၃	မူလဋီကာ၊ အနုဋီကာ	(ဒု)	မူလဋီ၊၂။ အနုဋီ၊၂။
၂၄	မူလဋီကာ၊ အနုဋီကာ	(တ)	မူလဋီ၊၃။ အနုဋီ၊၃။
	ကျန်ဋီကာကျမ်းများ		
၂၅	ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ	(ပ)	ဝိသုဒ္ဓိ၊ ဋီ၊ ၁။
၂၆	ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ	(ဒု)	ဝိသုဒ္ဓိ၊ ဋီ၊ ၂။
၂၇	နေတ္တိဋီကာ		နေတ္တိ၊ ဋီ။
၂၈	နေတ္တိဝိဘာဝိနီ		နေတ္တိ၊ ဝိ။

ယခုလက်ရှိ အဘိဓာန်ကျမ်းပြု ဆရာတော်များ

၁။ ဆရာတော် ဦးကုမာရာဘိဝံသ၊ သက္ကသီဟဓမ္မာစရိယ ဝဠုံသကာ၊ အစိုးရ သီရိပဝရဓမ္မာစရိယ ပါဠိဘာသိရောမကို၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘီအေ၊ ဗန်းမော်တိုက်။

၂။ ဆရာတော် ဦးသောဘဏဘိဝံသ၊ သက္ကသီဟ မူလဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာ-ဂန္ထဝါစကပဏ္ဍိတ၊ ဦးဇာဂရကြီးကျောင်း။

၃။ ဆရာတော် ဦးသုန္ဒရ၊ အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဇမ္ဗူအေးကျောင်း၊ မိုးထိတိုက်၊

၄။ ဆရာတော် ဦးဩဘာသာဘိဝံသ၊ သက္ကသီဟဓမ္မာစရိယ၊ အစိုးရဓမ္မာယစရိယ၊ အဂ္ဂမဟာဂန္ထ-ဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အတုလကာရီဆင်မင်းကျောင်း။

၅။ ဆရာတော် ဦးစက္ကပါလ၊ အစိုးရဓမ္မာစရိယ၊ အတုလကာရီဆင်မင်းကျောင်း။

၆။ ဆရာတော် ဦးကုသလာစာရာဘိဝံသ၊ သက္ကသီဟမူလဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာ-ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဂုဏာဝတီတိုက်ကျောင်း။

၇။ ဆရာတော် ဦးပညောဘာသာဘိဝံသ၊ သက္ကသီဟဓမ္မာစရိယ၊ အစိုးရဓမ္မာစရိယ၊ အဂ္ဂမဟာဂန္ထ-ဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ ဓမ္မဂုဏ်ရည်ကျောင်း။

၈။ ဆရာတော် ဦးနန္ဒိယ၊ အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ဇမ္ဗူအေးကျောင်း၊ မိုးထိတိုက်။

၉။ ဆရာတော် ဦးသဒ္ဓမ္မာနန္ဒ၊ အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ ပုသိမ်ကျောင်း။

၁၀။ ဆရာတော် ဦးကဉ္စန၊ အစိုးရဓမ္မာစရိယ၊ အတုလကာရီဆင်မင်းကျောင်း။

၁၁။ ဆရာတော် ဦးအဂ္ဂည၊ အစိုးရဓမ္မာစရိယ၊ ဂုဏာဝတီတိုက်ကျောင်း။

၁၂။ ဆရာတော် ဦးနေမိန္ဒာဘိဝံသ(စေတိယင်္ဂဏအဘိဝံသ၊ အစိုးရဓမ္မာစရိယ)ဂုဏာဝတီတိုက်ကျောင်း

တိပိဋကပါဠိ - မြန်မာအဘိဓာန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဝိဝေကာနိသံသ (ပု) | ဝိဝေက+အာနိသံသ | ကင်းဆိတ်-ဆိတ်ငြိမ်- ခြင်းဟူသော-အကျိုး-အာနိသင်။ပဗ္ဗဇိတဿ ဝိဝေကာနိသံသပဋိသံယုတ္တဉ္စ မမိ် ကထံ သုတွာ။ ဒီ၊ ၎ ။ ၎၈။

ဝိဝေကာနုပြူဟန (တိ) | ဝိဝေက + အနုပြူဟန | ကင်းဆိတ်-ဆိတ်ငြိမ်-ခြင်းကို တိုးပွါးစေတတ်သော။ ဝိဝိတ္တာသန-ကြည့်။

ဝိဝေကာနုရူပ (တိ) | ဝိဝေက + အနုရူပ | ကင်းဆိတ်-ဆိတ်ငြိမ်- ခြင်းအားလျော်သော။ ပဋိသလ္လာနသာရုပ္ပန္တိ ဝိဝေကာနုရူပံ။ ဝိ၊ ၎၊ ၃။ ၂၅၅။ အဘိ၊ ၎၊ ၂ ။ ၃၅၁။ ဝိဝေကာနုရူပန္တိ ကေဘာဝဿ အနုရူပံ။ သာရတ္ထ၊ ၃။ ၂၂၃။

ဝိဝေကာနုသိက္ခန (ထီ၊ နာ) | ဝိဝေက + အနုသိက္ခန | ဝိဝေက ၃-ပါးကို-သင့်လျော်စွာ-ကျင့်-အဖန်တစ်လဲလဲ ဖြည့်ဆည်းပူး-ခြင်း။ သဗ္ဗာပိ သာသနေ ဝိဝေကာနုသိက္ခနာ နိဗ္ဗာနပေါဏာ နိဗ္ဗာနပဗ္ဘာရာ နိဗ္ဗနောဂဓာ စ။ မ၊ ဋီ၊ ၁ ။ ၁၈၉။

ဝိဝေကာဘိရတ (တိ) | ဝိဝေက + အဘိရတ | ကင်းဆိတ်-ဆိတ်ငြိမ်-ရာဠ်မွေ့လျော်သော။ ဝိဝေကာဘိရတာ မီရာ၊ ပရိဝါရေန္တိ တံ သဒ္ဒါ။ အပ၊ ၁။ ၂၉။ ဝိဝေကာဘိရတာ ဗုဒ္ဓပစ္စေက-ဗုဒ္ဓါဒယော။ အပ၊ ၎၊ ၂ ။ ၁၀၄။

ဝိဝေကာဘိရတိ (ထီ) | ဝိဝေက + အဘိရတိ | ကင်းဆိတ်-ဆိတ်ငြိမ်-ရာဠ်မွေ့လျော်ခြင်း။ ဧဝမေတေပိ တေဇုဿဒတာယ ဝိဝေကာ-ဘိရတိယာ စ ဧကစာရိနော။ ထေရ၊ ၎၊ ၁။ ၆။

ဝိဝေကာဘိရတိက (တိ) | ဝိဝေက + အဘိရတိ + က | ကင်းဆိတ်-ဆိတ်ငြိမ်-ရာဠ်မွေ့လျော်ခြင်းရှိသော၊ သူ။ သော ----- အတ္တနော ဝိဝေကာဘိရတိကတံ ကတကိစ္စတဉ္စ ပဝေဒေန္တော။ ထေရ၊ ၎၊ ၁။ ၇၅။

ဝိဝေကာရဟ (တိ) | ဝိဝေက + အရဟ | ကင်းဆိတ်-ဆိတ်ငြိမ်-ခြင်း-ကို-ငှါ-ထိုက်သော။ တေန သံယောဇနပ္ပဟာနဿ စ ဝက္ခမာနတ္တာ ဝိဝေကာရဟသ္မေဝ ဝိဝေကဝါသော။ ထေရ၊ ၎၊ ၁။ ၃၃၄။

ဝိဝေကာရာမ (တိ) | ဝိဝေက + အာရာမ | ကင်းဆိတ်-ဆိတ်ငြိမ်-ရာဠ်မွေ့လျော်ခြင်းရှိသော၊ သူ။ ဝိဝေကာရာမော ဟောတိ။ မိလိန္ဒ။ ၃၃၃။ (-ဗုဒ္ဓဝံ၊ ၎။ ၂၆၅)။

ဝိဝေကာဝဋ္ဋ (တိ) | ဝိဝေက + အာဝဋ္ဋ | ကင်းဆိတ်ရာနိဗ္ဗာန်၌-ညွတ်-လည်-သော စိတ်ရှိသော၊ သူ။ ဝိဝေကာဝဋ္ဋော

(ဝိဝေကဝတ္ထော- မ၊ ၂။ ၃၃၉) တိ ဝိဝေကေ နိတ္ထာနေ အာဝဋ္ဌမာနသော ဟုတ္ဘာ။ မ၊ ဋ၊ ၃။ ၂၆၇။

ဝိဝေကာဝါသ (ပု) | ဝိဝေက + အာဝါသ | ဆိတ်ငြိမ်ရာ၌နေခြင်း။ ဝိဝေကာဝါသံ ဝသိတုကာမာ။ သံ၊ ဋ၊ ၁။ ၁၉၈။

ဝိဝေစန (နာ) | ဝိ + ဝိစ + ယု။ ဝိဝေစန-သံ။ ဝိဝေယဏ-ပြာ၊ အဒ္ဓမာဂမီ။ | (၁) အသီး အခြားဖြစ်-ကင်းဆိတ်-ခြင်း။ (၂) ခွဲခြမ်း-ဝေဘန်-ခြင်း။ (၃) ရွေးချယ်-စိစစ်-ခြင်း (၄) ပယ်ခွါခြင်း။ (၁) ပဋိသလ္လာနန္တိ တေဟိ တေဟိ သတ္တသခ်ါရေဟိ ပဋိနိဝတ္တိတ္တာ သလ္လာနံ နိလီယနံ ဝိဝေစနံ။ သာရတ္ထ၊ ၂။ ၁၈၀။ အံ၊ ဋီ၊ ၃။ ၉၇။ (-မ၊ ဋီ၊ ၁။ ၂၀၉)။ (၂) ဂိဟိ နာမ ကပ္ပိယမိ့ အကပ္ပိယမိ့ ဝဒေယျာတိ ဝိဝေစနတ္ထံ ပုစ္ဆိ။ မ၊ ဋ၊ ၃။ ၂၈၂။ ဝိနိဒ္ဒောဂေါ ဝိဝေစနံ နတ္ထိ ဧကဲ့ဲ အတ္ထဿ ဝိဝေစေတုံ အသက္ကုဏေယျတ္တာ။ သံ၊ ဋီ၊ ၁။ ၁၈၈။ သန္တတိသမူဟကိစ္စဃနာနံ ဝိနိဗ္ဘုဇ္ဇနံ ဝိဝေစနံ။ ဒီ၊ ဋီ၊ ၂။ ၃၀၈။ မ၊ ဋီ၊ ၁။ ၃၆၅။ (၃) သာမာရဏေတော ဒေသိတဿာပိ အတ္ထဿ သမ္ဘဝဝသေန ဝိဝေစနံ ပတိ ယထာလာဘနယော ဥဘယထာပိ ယုဇ္ဇတိ။ သီ၊ ဋီ၊သစ်၊ ၂။ ၁၆၃။ (၄) အောက်ပုဒ်ကြည့်။

ဝိဝေစနတ္ထ (ပု) | ဝိဝေစန + အတ္ထ | ပယ်ခွါခြင်းဟူသောအကျိုး။ ဝိဝေစနတ္ထာယာ (ဝိသုဒ္ဓိ၊ ၁။ ၂၀၇) တိ ဝိကပ္ပမ္ပနတ္ထာယ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၃၅၀။

ဝိဝေစနာကာရ (ပု) | ဝိဝေစန + အာကာရ | အသီးအခြားဖြစ် - သီးသန့်ခြားနား - ကင်းဆိတ်-ခြင်း၏အခြင်းအရာ။ တေနေဝ ဟိ ဝိဝေစေတဗ္ဗာနံ ဝိဝေစနာကာရဿ စ ဘေဒတော ဗဟုဝိဓတ္တာ။ မ၊ ဋီ၊ ၁။ ၂၀၉။ အံ၊ ဋီ၊ ၃။ ၃၅၂။

ဝိဝေစနီယ (တိ) | ဝိ + ဝိစ + ဏော + အနီယ။ ဝိဝေစနီယ-သံ။ | သီးသန့်ခြားနား-ကင်းဆိတ် - စေအပ်သော။ ယော ဟိ ဝိဝေစနီယတော ဝိဝိစ္စတိ, ယံ ဝိဝိစ္စိတ္တာ ဋ္ဌိတံ၊ တဒုဘယံ ဣမေ ဝိဝိတ္တဘာဝသာမညေန " ဝိဝိတ္တတာ " တိ ဝုတ္တံ။ မ၊ ဋီ၊ ၁။ ၁၇၇။

ဝိဝေစာပေတဗ္ဗ (တိ) | ဝိ + ဝိစ + ဏာပေ + ဏာပေ + တဗ္ဗ။ " ပရိယောသာပေတိ။ ဝိ၊ ၁။ ၂၃၆ " ကဲ့သို့ ရှေ့ ဏာပေပစ္စည်းချေ။ ဘေဒစိန္တာ။ ၂၁၆-ဂါထာ။ | ဝိဝေစေတဗ္ဗ ၂ - အနက်ကြည့်။ သဒ္ဒိဝိဟာရိကေန ဝိဝေစေတဗ္ဗံ ဝိဝေစာပေတဗ္ဗံ ဓမ္မကထာ ဝါဿ ကာတဗ္ဗာ။ ဝိ၊ ၃။ ၆၁။ ဝိဝေစာပေတဗ္ဗန္တိ အညော ဝတ္တာဗ္ဗော " ထေရံ ဒိဋ္ဌဂတံ ဝိဿဇ္ဇာပေဟိ " တိ။ ဝိ၊ ဋ၊ ၃။ ၂၆၁။

ဝိဝေစာပေဿာမိ (ကာ၊ ကြိ) | ဝိ + ဝိစ + ဏာပေ + ဏာပေ + ဿာမိ။ " ပရိယော-သာပေတိ။ ဝိ၊ ၁။ ၂၃၆ " ကဲ့သို့ ရှေ့ ဏာပေ ပစ္စည်းချေ။ ဘေဒစိန္တာ။ ၂၁၆ - ဂါထာ။ | (၎) ကင်းကွာ-စွန့်လွှတ်-စေ-အံ့-လတ္တံ့-လိမ့်မည်။ ဒိဋ္ဌဂတံ ဝိဝေစေဿာမိ ဝါ ဝိဝေစာ-ပေဿာမိ ဝါ ဓမ္မကထံ ဝါဿ ကရိဿာမိ။ ဝိ၊ ၃။ ၂၀၀။ ဝိ၊ သင်္ဂဟ။ ၂၁၈။

ဝိဝေစိတ (တိ) | ဝိ + ဝိစ + ဏော + တ။ ဝိဝေစိတ - သံ။ ဝိဝေဇိယ - အဒ္ဓမာဂမီ။ | (၁) သီးသန့်ခြားနား-ကင်းဆိတ်-စေအပ်သော။ (၂) ရွေးချယ် - စိစစ် - အပ်သော။ (၁) အပိစာယံ အယျေန ကုမာရကဿပေန ဧတသ္မာ ပါပကာ ဒိဋ္ဌိဂတာ ဝိဝေစိတာ။ ဒီ၊ ၂။ ၂၈၂။ (-ဝိမာန၊ ဋ။ ၃၁၁)။ ဝိဝေက (၃) လည်းကြည့်။ (၂) ဝဇ္ဇေတဗ္ဗဘာဝတော ဟိ

သုတ္တပဒေဟိ သုတ္တတ္ထေ ဝိဝေစိတေ ဂဟေတဗ္ဗဘာဝေါ စ အဝသိဋ္ဌော ဟောတိ။ နေတ္တိ၊ ဋီ။ ၅၆။

ဝိဝေစိတဩဇာ (ထီ) | ဝိဝေစိတာ + ဩဇာ | သီးသန့်ခြားနား-ကင်းကွာ-စေအပ်သော-ဩဇာ-အဆီ-အစေး။ နိဗ္ဗတ္တိတောဇမေဝါတိ သဝတ္ထုက် အဂ္ဂဟေတွာ ဝတ္ထုတော ဝိဝေစိတဩဇမေဝ။ သဒ္ဒ၊ ဋီ၊ ၁။ ၂၆၁။

ဝိဝေစိတတေလ (နာ) | ဝိဝေစိတ + တေလ | သီးသန့်ခြားနား-ကင်းကွာ-စေအပ်သောဆီ။ ဝိဝေစိတသပ္ပိ - လည်းကြည့်။ နိဗ္ဗတ္တိတတေလမ္ပိတိ ကာလေယေဝ အတ္တနာ ဝိဝေစိတတေလမ္ပိ။ ကခ်၊ ဋီ၊ သစ်၊ ၃၂၉။

ဝိဝေစိတပ္ပ (တိ) | ဝိ + ဝိစ + တပ္ပ။ ဝိဝေတ္တဝ္ဟ-သဲ။ | ရွေးချယ်-စိစစ်-အပ်-သင့်-ထိုက်-သော။ ဧဝံ သဗ္ဗတ္ထ ဝိဝေစိတတ္ထော။ သီ၊ ဋီ၊ သစ်၊ ၂။ ၆၉။

ဝိဝေစိတမံသ (နာ) | ဝိဝေစိတ + မံသ | သီးသန့်ခြားနား-ကင်းကွာစေ-အပ်သော အသား။ တတော ဝါ ဝိဝေစိတမံသံ ဘာဂသော ကတ္တာ။ မ၊ ဋီ၊ ၁။ ၃၆၅။

ဝိဝေစိတသပ္ပိ (နာ) | ဝိဝေစိတ + သပ္ပိ | (ယာဝကာလိကဝတ္ထုမှ) သီးသန့်ခြားနား-ကင်းကွာ-စေအပ်သောထောပတ်။ နိဗ္ဗတ္တိတသပ္ပိ ဝါတိ ယာဝကာလိကဝတ္ထုတော ဝိဝေစိတသပ္ပိ ဝါ။ ကခ်၊ ဋီ၊ သစ်။ ၃၃၀။

ဝိဝေစိတ္တာ (ကာ၊ ကြိ၊ ဝိ) | ဝိ + ဝိစ + ဏော + တ္တာ | သီးသန့်ခြားနား-ကင်းဆိတ်-ကင်းကွာ-စေ၍။ အယထာသဘာဝတော ဝိဝေစိတ္တာ ယထာသဘာဝတော ဓမ္မသဝဟဏကာရဏာနိ ကထေန္တော။ နေတ္တိ၊ ဋီ။ ၅၆။

ဝိဝေစိယမာန (တိ) | ဝိ + ဝိစ + ဏော + ယ + မာန | (၁) လွတ်မြောက်စေအပ်သော။ (၂) သီးသန့်ခြားနား-ကင်းဆိတ်-ကင်းကွာ-ကွဲကွာ-စေအပ်သော။ (၃) ရွေးချယ်-စိစစ်-အပ်သော။ (၁) ဝိဝေစိယမာနော (နေတ္တိ။ ၉၃) တိ ဝိမောစယမာနော။ နေတ္တိ၊ ဋ္ဌ။ ၁၉၇။ (၂) သတ္တဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတံ ကလျာဏမိတ္တံ အပိ ဝိဝေစိယမာနေန ---------- ယာဝဇီဝံ နံ ဝိဇဟိတဗ္ဗံ။ နေတ္တိ။ ၁၄၂။ (-သီ၊ ဋီ၊ သစ်၊ ၁။ ၄၅၂)။ (၃) ပကာရဏာဓိဂတေ ပန အတ္ထေ ဝိဝေစိယမာနေ ဣဓ အဃေနတောယေဝ သုစိဘူတတာ အဓိဂမိယတိ။ သီ၊ ဋီ၊ သစ်၊ ၁။ ၃၃၁။

ဝိဝေစေတပ္ပ (တိ) | ဝိ + ဝိစ + ဏော + တပ္ပ။ ဝိဝေတ္တဝ္ဟ-သဲ။ | (၁) သီးသန့်ခြားနား-ကင်းဆိတ်-ကင်းကွာ-စေ-အပ်-သင့်-ထိုက်-သော။ (၂)ကင်းကွာ-စွန့်လွှတ်-စေ-အပ်-သင့်-ထိုက်-သော။ (၁) သုခကာမေန ဒုက္ခပ္ပဋိကူလေန သဗ္ဗသော ပိယဝတ္ထုတော စိတ္တံ ဝိဝေစေတဗ္ဗံ။ ဥဒါန၊ ဋ္ဌ။ ၃၈၅။ (၂) ဝိဝေစေတပ္ပ (ဝိ၊ ၃။ ၆၁) နှစ် ဝိဿဇ္ဇာပေတဗ္ဗံ။ ဝိ၊ ဋ္ဌ၊ ၃။ ၂၆၁။

ဝိဝေစေတပ္ပတာဒီပန (ထီ၊ နာ) | ဝိဝေစေတပ္ပတာ + ဒီပန | သီးသန့်ခြားနား-ကင်းဆိတ်-စေအပ်သည်၏အဖြစ်ကို ပြခြင်း။ ကာမာနံ ဝိဝေစေတပ္ပတာဒီပနေန ---- စ္ဘာနာဓိဂမုပါယတာ ဒဿိတာ ဟောတိ။ ဝိသုဒ္ဓိ၊ ဋီ၊ ၁။ ၁၆၃။

ဝိဝေစေတိ (ကာ၊ ကြိ) | ဝိ + ဝိစ + ဏော + တိ။ နိရုတ္တိ ၄၄၂-နှာ။ ဝိဝေစယတိ - သဲ။ ဝိဝေစေက္ခ - ပြာ။ | (၁) သီးသန့်ခြားနား-ကင်းဆိတ် -ကင်းကွာ -စေ၏။ (၂) ပယ်၏။ (၃) လွတ်မြောက်စေ၏။ (၄) စွန့်လွှတ်စေ၏။

(၅) ခွဲခြမ်း-ဝေဘန်-၏။ (၁) သီးသန့်ခြားနား-ကင်းဆိတ်-ကင်းကွာ-စေ၏။ ကော နု ခေါ ကွမဲ မိစ္ဆာဒိဋ္ဌိတော ဝိဝေစေယျ။ ဝိသုဒ္ဓိ၊ ၂။ ၂၇။ ဧကံသေန အတ္ထာနံ တတော ဝိဝေစေတီတိ အတ္ထော။ ထေရ၊ ဌ၊ ၂။ ၁၄၇။ (-မ၊ ဦ၊ ၁။ ၃၆၅)။ (၂) ပယ်၏။ ရိဏ္ဍတီတိ ဝဇ္ဇေတိ။ မ၊ ဌ၊ ၃။ ၈၂။ ရိဏ္ဍတီတိ ဝိဝေစေတိ အပနေတိ။ တေနာဟ " ဝဇ္ဇေတီ " တိ။ မ၊ ဦ၊ ၃။ ၅၂။ (၃) လွတ်မြောက်စေ၏။ ဝိဝေစေတူ (ဒီ၊ ၁။ ၂၁၆) တိ ဝိမောစေတု၊ တံ ဒိဋ္ဌဂတံ ဝိနောဒေတူတိ ဝဒတိ။ ဒီ၊ ဌ၊ ၁။ ၃၂၇။ (၄) စွန့်လွှတ်စေ၏။ နံ ရိဏ္ဍတီတိ နံ ဝိဝေစေတိ နံ ဝိဿဇ္ဇေတိ။ သံ၊ ဦ၊ ၂။၃၅၄။ (၅) ခွဲခြမ်း-ဝေဘန်-၏။ ဝိဝေစေတုံ ၃-ကြည့်။

ဝိဝေစေတုံ (ဗျ) | ဝိ + ဝိစ + ဏော + တုံ | (၁) ကင်းကွာစေခြင်းငှါ။ (၂) စွန့်လွှတ်စေခြင်းငှါ။ (၃) ခွဲခြမ်း - ဝေဘန် - ခြင်းငှါ။ (၁) နာသက္ခိသု အရိဋ္ဌံ ဘိက္ခုံ ဂဒ္ဓဘမိပုတ္တံ ဧတသ္မာ ပါပကာ ဒိဋ္ဌိဂတာ ဝိဝေစေတုံ။ မ၊၁။ ၁၈၃။(-၃၂၃။ သံ၊ ၂။ ၉၀။ အဘိ၊ ဌ၊ ၁။ ၃၄၉။ ဝိမတိ၊ ၁။ ၃၀။ ဒီ၊ ဦ၊ ၁။ ၂၁၁)။ (၂) ဥပ္ပန္နံ ဒိဋ္ဌိဂတံ ဓမ္မတော ဝိဝေစေတုံ။ ဝိ၊ ၃။ ၉၃။ ဝိ၊ ၅။ ၂၃၈။ ဓမ္မတော ဝိဝေစေတုန္တိ ဓမ္မေန ကာရဏေန ဝိဿဇ္ဇာပေတုံ။ ဝိ၊ ဌ၊ ၃။ ၂၇၂။ (-အဘိ၊ ဌ၊ ၃။ ၁၆၄)။ (၃) ဧကဗျံ အတ္ထသဝိဝေစေတုံ အသက္ကာဏောယျတ္တာ။ သံ၊ ဦ၊ ၁။ ၁၈၁။ (-သံ၊ ဦ၊ ၂။ ၁၀၄။ အံ၊ ဦ၊ ၂။ ၃၈၄)။

ဝိဝေစေတု (ကာ၊ ကြေ) | ဝိ + ဝိစ + ဏော + တု | လွတ်မြောက်စေလော။ ဝိဝေစေတိ ၃-ကြည့်။

ဝိဝေစေတုကာမ (တိ) | ဝိဝေစေတုံ + ကမု + ဏ | (၁) သီးသန့်ခြားနား - ကင်းဆိတ်-ကင်းကွာ - စေခြင်းငှါ အလိုရှိသော၊ သီးသန့်ခြားနား-ကင်းဆိတ်-ကင်းကွာ-စေလိုသော၊ သူ။ (၂) ရွေးချယ်-စိစစ်-ခြင်းငှါအလိုရှိသော၊ ရွေးချယ် - စိစစ် - လိုသော၊ သူ။ (၁) တေဟိ ဝိဝေစေတုကာမော သမဏော ဂေါတမော ဧဝမာဟ။ ဒီ၊ ၃။ ၄၇။ (-မ၊ ၁။ ၁၈၂။ ၃၂၃။ ထေရ၊ ဌ၊ ၂။ ၈၇။ ထေရီ၊ ဌ။ ၂၁၀)။ (၂) ဝိစိနန္တော တိ ဝိစယဘူတာယ ပညာယ တေ ဝိဝေစေတုကာမော တဒဘာဝတော ကိစ္ဆံ ဒုက္ခံ အာပဇ္ဇတိ။ မ၊ ဦ၊ ၂။ ၅၂။

ဝိဝေစေတွာ (ကာ၊ ကြေ၊ ဝိ) | ဝိ + ဝိစ + ဏော + တွာ | (၁) သီးသန့်ခြားနား-ကင်းဆိတ်-ကင်းကွာ-စေ၍။ (၂) ရွေးချယ်-စိစစ်-၍။ (၁) ပဗ္ဘာဇေတွာ ပန ဥပါယေန တတော ဝိဝေစေတွာ ဥပရိ ဝိသေသံ နိဗ္ဗတ္တေဿာမိ။ ဥဒါန၊ ဌ၊ ၁၅။ ကိလေသေဟိ စ စိတ္တံ ဝိဝေစေတွာ။ ဇာ၊ ဌ၊ ၁။ ၃၀၇။ (-စရိယာ၊ ဌ။ ၁၆၂။ သီ၊ ဦ၊ သစ်၊ ၂။ ၅။ မ၊ ဦ၊ ၂။ ၈။ သံ၊ ဦ၊ ၂။ ၃၅၀)။ (၂) ဝိဘဇိတွာတိ ဉာဏေန ဝိဝေစေတွာ။ သံ၊ ဦ၊ ၁။ ၂၉၂။ (-မူလဋ္ဌီ၊ ၁။ ၁၈၀)။

ဝိဝေစေန္တ (တိ) | ဝိ + ဝိစ + ဏော + အန္တ | (၁) သီးသန့်ခြားနား-ကင်းဆိတ်-ကင်းကွာ-စေသော၊.သူ။ (၂) ရွေးချယ်-စိစစ်-သော၊သူ။ (၁) မောစေန္တော တိ ကဿပနံ ဝိမုတ္တိဝသေန ဝိဝေစေန္တော ဝိသုံ ကရောန္တော နိဝရဏာနိ ပဇဟန္တော တိ အတ္ထော။ သာရတ္ထ၊ ၂။ ၂၄၄။ ကိလေသေဟိ စိတ္တံ ဝိဝေစေန္တော --------- စိတ္တဝိဝေကံ ပူရေတိ။ မ၊ ဦ၊ ၁။ ၁၉၂။ (၂) အယံ ကိရာယသ္မာ --- ဧကဂါထာမတ္တကံ ဓမ္မပရိယာယံ နယသတသဟဿေဟိ ဝိဝေစေန္တော အရဟတ္တံ ပတ္တော။ ဝဇိရ။ ၅၉။

ဝိဝေစေယျ (ကာ၊ ကြို) | ဝိ + ဝိစ + ဏော + ဿျ | သီးသန့်ခြားနား - ကင်းဆိတ်-ကင်းကွာ - စေရာ၏။ ကော နု ခေါ် ကျမ်မိစ္ဆာဒိဋ္ဌိတော ဝိဝေစေယျ။ ဝိသုဒ္ဓိ၊ ၂။ ၂၇။

ဝိဝေစေဿာမိ (ကာ၊ ကြို) | ဝိ + ဝိစ + ဏော + ဿာမိ | (ငါ) သီးသန့်ခြားနား-ကင်းဆိတ်-ကင်းကွာ-စေ-အံ့-လတ္တံ့-လိမ့်မည်။ ဝိဝေစာပေဿာမိ-ကြည့်။

ဝိသံယုဇ္ဇတိ (ကြို) | ဝိ + သံ + ယုဇ + ယ + တိ။ (ကမ္မ) ဝိသံယုဇျတိ - သံ။ | မယှဉ်-ကင်းကွာ-၏။ ကာမယောဂေန ဝိသံယုဇ္ဇတိ။ အဘိ၊ ဋ၊ ၂။ ၃၃။ ဝိသုဒ္ဓိ၊ ၂။ ၁၁၀။

ဝိသံယုဇ္ဇန (န) | ဝိ + သံ + ယုဇ + ယ + ယု | မယှဉ်-ကင်းကွာ-ခြင်း။

ဝိသံယုဇ္ဇနတ္ထ (ပု) | ဝိသံယုဇ္ဇန + အတ္ထ | မယှဉ် - ကင်းကွာ - ခြင်းဟူသောအကျိုး။ ဝိသံယောဂါယာတိ ကိလေသေဟိ ဝိသံယုဇ္ဇ-နတ္ထာယ။ ဝိ၊ ဋ၊ ၁။ ၁၈၃။ (-သာရတ္ထ၊ ၂။ ၁၆။ ဒီ၊ ဋီ၊ ၂။ ၁၆၇)။

ဝိသံယုတ္တ (တိ) | ဝိ + သံ + ယုဇ + တ။ ဝိသံယုတ္တ-သံ။ ဝိသံဇုတ္တ - ပြာ၊ ဝိသံယုတ-သက္ကတပိဋကာ။ | (၁) မယှဉ်သော။ (၂) မနှီးနှော-မရောနှော-သော (မစပ်-လွတ်-သော)။ (၃) ကင်း-လွတ်-သော။ (၄) (ကိလေသာတို့မှ) ဆိတ်သော။ (၁) သုဝုဋ္ဌိတံ သုဝိမုတ္တံ ဝိသံယုတ္တံ ကာမေဟိ။ ဒီ၊ ၃။ ၁၉၉။ ဝိသံယုတ္တော (မ၊ ၁။ ၁၉၂) တိ စတူဟိ ယောဂေဟိ သတ္ဝကိလေသေဟိ စ ဝိသံယုတ္တော။ မ၊ ဋ၊ ၂။ ၂၂။ ဝိသညုတ္တန္တိ ဝိက္ခမ္ဘနတော သေသ-ကိလေသေဟိ ဝိသံယုတ္တံ၊ ဥက္ကဋ္ဌနယေန သမုစ္ဆေဒတော ဝါ ဝိပ္ပယုတ္တံ။ ပဋိသံ။ ဋ၊ ၂။ ၂၆၆။ (-မ၊ ၂။ ၁၁၆-၇။ မ၊ ၃။ ၇၅၊ ၂၈၈။ သံ၊ ၃။ ၂၇၈။ အံ၊ ၁။ ၁၆၂။ အံ၊ ၂။ ၇၄။ အံ၊ ၃။ ၃၇။ အံ၊ ၃။ ၃၁။ မ၊ ဋ၊ ၄။ ၆၀၊ ၂၁၃။ အံ၊ ဋ၊ ၃။ ၃၁)။ (၂) အာနေဉ္ဇသံယောဇနေန ဟိ ခေါ် ဝိသံယုတ္တော (မ၊ ၃။ ၄၁) တိ အာနေဉ္ဇ-သမာပတ္တိသံယောဇနေန ဝိသံသဋ္ဌော။ မ၊ ဋ၊ ၄။ ၃၅။ ဝိသံယုတ္တော (ကုတိဝုတ်။ ၂၇၅) တိ ဝိသံသဋ္ဌော၊ ------ ဝိပ္ပမုတ္တောတိ အတ္ထော။ ကုတိဝုတ်၊ ဋ။ ၃၄၆။ ဝိသံယုတ္တော (အံ၊ ၁။ ၃၃၁) တိ ဝိသံသဋ္ဌော နု ပဋိဇဒ္ဓေါ၊ ------- တတော ဝိပ္ပမုတ္တောတိ အတ္ထော။ အံ၊ ဋီ၊ ၂။ ၂၄၉။ (၃) ဝိသံယုတ္တော (နေတ္တိ။ ၂၈) တိ တဒင်္ဂပဟာနဝိက္ခမ္ဘနပ္ပဟာနသမုစ္ဆေဒပ္ပ-ဟာနဝသေန ဝိဂတော၊ ဝိမုတ္တော စ ဘဝတိတိ အတ္ထော။ နေတ္တိ၊ ဝိ။ ၁၃၉။ (၄) ဝိသံယုတ္တ (ဝိသုဒ္ဓိ၊ ၂။၁၄) နှိ ဝိဝိတ္တံ သံကိလေသတော၊ နု ဝါ သံယုတ္တံ စတူဟိပိ ယောဂေဟိ။ ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၂၀။

ဝိသံယုတ္တပဒ (န) | ဝိသံယုတ္တ + ပဒ | ဝိသံယုတ္တ - ဟူသောပုဒ်။ ဝိသံယုတ္တပဒံ ဝုတ္တတ္ထမေဝ။ မ၊ ဋ၊ ၃။ ၂၉၈။

ဝိသံယောဂ (ပု) | ဝိ + သံ + ယုဇ + ဏ။ ကစ္စည်း။ ၆၂၃။ ရူ။ ၅၅၄။ မောဂ်၊ ၅။ ၉၈။ နီတိ၊ သုတ္တ။ ၁၂၂၉။ ဝိသံယောဂ - သံ။ ဝိသံဇောအ-ပြာ၊ ဝိသံဇောယ-အဒ္ဓမာဂမီ။ | (၁) မယှဉ်-ကွေကွင်း - ကွဲကွာ - ခြင်း။ (၂) ဝိသံယောဂတရား၊ (ကာမယောဂစသည်တို့မှ-မယှဉ်-ကင်းကွာ-စေတတ်သောတရား)။ (၃) (ကိလေသာတို့နှင့် မယှဉ်ရာ) နိဗ္ဗာန်။ (၁) ဝိသံယောဂါယာ (ဝိ၊ ၁။ ၂၂) တိ ကိလေသေဟိ ဝိသံယုဇ္ဇနတ္ထာယ။ ဝိ၊ ဋ၊ ၁။ ၁၈၃။ (-အံ၊ ဋ၊ ၂။ ၃၅၃။ အံ၊ ဋီ၊ ၂။ ၃၅၆)။ (၂) ဝိသံယောဂါ (အံ၊ ၁။ ၃၁၈) တိ ဝိသံယောဇနကာရဏာနိ။ အံ၊ ဋ၊ ၂။ ၂၅၃။

ဝိသံယောဇေန္တိ ပဋိပန်း ပဂ္ဂလံ ကာမ-
ယောဂါဒိတော ဝိယောဇေန္တိတိ ဝိသံယောဂါ၊
အသုဘဗျာနာဒိနိ ဝိသံယောဇနကာရဏာနိ။
အ၊ ဋီ၊ ၂။ ၂၃၁။ (-ဒီ၊ ၃။ ၂၃၁။ ဒီ၊ ၆၊ ၃။
၂၄၂)။ (၃) ဝိသံယောဂါဓိပ္ပါယ-ကြည့်။

ဝိသံယောဂ၂ (တိ) | ဝိ + သံယောဂ။ ဝိဂတော သညောဂေါ အဿာတိ ဝိသညောဂေါ။ ရူ။ ၅၆။ | ကင်းသောသံယုဂ်ရှိ-သံယုဂ်ကင်း-သော၊ ဗျည်း။ ဝိသံယောဂပရ-ကြည့်။

ဝိသံယောဂဋ္ဌ (ပု) | ဝိသံယောဂ + အတ္ထ။ နိတိ၊ သုတ္တ။ ၁၀၇။ | မယှဉ်-ကွေကွင်း-ကွဲကွာ-ခြင်းဟူသော-အနက်-သဘော။ ဥဘော ဧတေ ဧကာဗဒ္ဓါပိ ဝိသံယောဂဋ္ဌေန အနုပ-လိတ္တဋ္ဌေန စ ဒူရေ နာမ ဟောန္တိ။ ဇာ၊ ၆၊ ၅။ ၅၂၄။

ဝိသံယောဂပရ (တိ) | ဝိသံယောဂ + ပရ | သံယုဂ်ကင်းသည့်ဗျည်း နှောင်းခြင်းရှိသော။ လဟုကန္တိ ရဿမေဝ၊ ယံ ဝါ " အာယသ္မတော ပုဒ္ဓရက္ခိတထေရဿာ " တိ ဧဝံ ဝိသံယော-ဂပရံ ကတွာ ဝုစ္စတိ။ အ၊ ဋီ၊ ၂။ ၇၇။

ဝိသံယောဂရဿ (တိ) | ဝိသံယောဂ + ရဿ | မယှဉ်-ကွေကွင်း-ကွဲကွာ-ခြင်းကိစ္စရှိသော။ စုတိလက္ခဏံ မရဏံ၊ ဝိသံယောဂရဿံ။ ဥဒါန၊ ၆။ ၄၀။

ဝိသံယောဂသဘာဝ (တိ) | ဝိသံယောဂ + သဘာဝ | (ကိလေသာတို့နှင့်) မယှဉ်ခြင်း သဘောရှိသော။ သံယောဂဋ္ဌော ဝိသံယောဂ-သဘာဝဿ နိရောဓဿ။ အနုဋီ၊ ၂။ ၆၀။

ဝိသံယောဂါဓိပ္ပါယ (တိ) | ဝိသံယောဂ + အဓိပ္ပါယ | (ကိလေသာတို့နှင့် မယှဉ်ရာ) နိဗ္ဗာန် - ကို - ၌ - အလိုရှိသော၊ သူ။ ဝိသံယောဂါဓိပ္ပါယော (အ၊ ၂။ ၁၃၈)တိ---- နိဗ္ဗာနဗျာသယော။ အ၊ ၆၊ ၃။ ၄၉။

ဝိသံယောဇန (တိ) | ဝိ + သံ + ယုဇ + ဏော+ ယု။ (တိ) ဝိသံယောဇန-သက္ကတပိဋကာ။ | မယှဉ် - ကွေကွင်း - ကွဲကွာ - စေတတ်သော (အကြောင်းတရား)။ အောက်ပုဒ်ကြည့်။

ဝိသံယောဇနကာရဏ (န) | ဝိသံယောဇန + ကာရဏ | မယှဉ်-ကွေကွင်း-ကွဲကွာ-စေတတ်သောအကြောင်းတရား။ ကာမယောဂ-ဝိသံယောဂေါတိ ကာမယောဂတော ဝိသံယောဇနကာရဏံ။ အ၊ ၆၊ ၂။ ၂၅၇။ အသုဘဗျာနာဒိနိ ဝိသံယောဇနကာရဏာနိ။ တေနာဟ " ဝိသံယောဂါတိ ဝိသံယောဇန-ကာရဏာနိ " တိအာဒိ။ အ၊ ဋီ၊ ၂။ ၂၃၁။

ဝိသံယောဇေန္တိ (ကာ၊ ကြီ) | ဝိ + သံ + ယုဇ + ဏော + အန္တိ | မယှဉ်စေတတ်ကုန်၊ (ကာမ ယောဂစသည်မှ) ကွေကွင်း-ကွဲကွာ-စေတတ် ကုန်၏။ ဝိသံယောဇေန္တိ (ဒီ၊ ၆၊ ၃။ ၂၀၆)တိ ပဋိပန်း ပဂ္ဂလံ ကာမယောဂါဒိတော ဝိယောဇေန္တိ။ ဒီ၊ ဋီ၊ ၃။ ၂၄၁။

ဝိသံဝါဒ (ပု) | ဝိ + သံ + ဝဒ + ဏ။ နိတိ၊ ဓာတု။ ၃၁၄။ ဝိသံဝါဒ-သံ။ ဝိသံဝါယ-ပြာ။ | ချွတ်ယွင်း-လွဲမှား-စေခြင်း။ --- တဿ တဿ ပဋိသဝဿ ဝိသံဝါဒေ ဒုက္ကဋံ။ ဝိ၊ သင်္ဃ။ ၂၂၁။

ဝိသံဝါဒက (တိ) | ဝိ + သံ + ဝဒ + ကွ။ နိတိ၊ ဓာတု။ ၃၁၄။ ထိ - ၌ ဝိသံဝါဒိကာ။ ဝိသံဝါဒက-သံ။ ဝိသံဝါယဂ-ပြာ။ | (၁) ချွတ်ယွင်း-လွဲမှား-စေတတ်သော။ (၂) တံလျှပ်၊ တံလှပ်။ (၁) ------ မရိစိဝ ဝိသံဝါဒကော။ အဘိ၊ ၆၊ ၂။ ၈၀။ ပဋိသံ။ ၆၊ ၁။ ၅၈။ ဝိသုဒ္ဓိ၊ ၂။ ၁၂၇။ သာရတ္ထ၊ ၃။ ၁၇၈။ ဝိသံဝါဒိကာတိ အနိစ္စာဒိ နိစ္စာဒိတော ဂဏှန္တိ ဝိသံဝါဒိကာ ဟောတိ။ မဟာနိ၊ ၆။ ၃၅။ ဒီ၊ ဋီ၊ ၁။ ၁၁၈။ သီ၊ ဋီ၊ သစ်၊ ၁။ ၃၃၅။ မ၊ ဋီ၊ ၁။ ၃၀၂)။

(၂) ဥဒက် ဝိယ ဒိဿမာနာ ပန မရိစိ ဥပဂတာနံ တုစ္ဆာ ဟောတိ၊ ဝတ္ထုမတ္တမ္မိ တဿာ နဒိဿတိတိ ဝိသံဝါဒိကာ ဝုတ္တာ။ မူလဋီ၊ ၂။ ၅၃။ ဝိသုဒ္ဓိ၊ ဋီ၊ ၂။ ၁၉၃။

ဝိသံဝါဒကကာယဝစီပယောဂသမုဋ္ဌာပက(တိ) ဝိသံဝါဒက + ကာယဝစီပယောဂ + သမုဋ္ဌာပက | ချွတ်ယွင်း-လွဲမှား-စေတတ်သည့် ကာယ, ဝစီပယောဂကိုဖြစ်စေတတ်သော (စေတနာ)။ ဝိသံဝါဒနာမိပွါယေန ပရဿ ဝိသံဝါဒကကာယဝစီပယောဂ-သမုဋ္ဌာပိကာ စေတနာ မုသာဝါဒေါ။ ဝိမာန၊ ဋ္ဌ။ ၆၅။

ဝိသံဝါဒကကိရိယာကရဏာ (နာ) |ဝိသံဝါဒက+ကိရိယာ + ကရဏာ | ချွတ်ယွင်း-လွဲမှား-စေတတ်သည့်-အပြုအမူ-အမူအရာ-ကိုပြုခြင်း။ သော ကာယေန ဝါ ကာယပ္ပဋိဗဒ္ဓေန ဝါ ဝါစာယ ဝါ ဝိသံဝါဒကကိရိယာကရဏေန ဒဋ္ဌဗ္ဗော။ မ၊ ဋ္ဌ၊ ၁။ ၂၀၃။

